၆၂

သုဝဏ္ဏဘူမိ

ပရိယတ္တိ သာသနဟိတ အသင်းကြီး၏

မဟာနာယကအဖွဲ့ဝင်

သထုံခရိုင်

ကျိုက်ကော်မြို့

နန်းတောင်းဆရာတော် ဦးဇာနိန္ဒာစာရ

ရေးသား စီရင်တော် မူအပ်သော

# ကလျာဏအလင်းကျမ်း

---

မူပိုင်ရှင်

လယ်တီ-ဦးလှတင်

ဇာင်း ကျိုက်ဆေး တိုက်

မင်းလမ်း၊ သထုံမြို့။

စာအုပ်စဉ် ၁၈

ရတနာသီရိ စာပုံနှိပ်တိုက်

၁၀-၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

သုဝဏ္ဏဘူမိ ... နေ့ ........
အမှတ် ... ၁၈ ...
ပိုင် – ၂
အမှတ် – ၁၉

ပရိယတ္တိ သာသနဟိတ အသင်းကြီး၏

မဟာနာယကအဖွဲ့ဝင်

သထုံခရိုင်

ကျိုက်ကော်မြို့

နန်းတောင်းဆရာတော် ဦးဇုန္ဒာစာရ

ရေးသား စီရင်တော်မူအပ်သော

# ကလျာဏာအလင်းကျမ်း

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

မူပိုင်ရှင်

လယ်တီ–ဦးလှဟောင်

ဇာင်းကျိုက်ဆေးတိုက်

မင်းလမ်း၊ သထုံမြို့။

သုဝဏ [illegible]

သာသနာတော်ထွန်း [illegible]

ကမ္ဘာ [illegible] ရန်ကုန်။

ရတနာသီရိ စာပုံနှိပ်တိုက်

၁၀–၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၄၄၇၂)

ထုတ်ဝေသူ။ ။ဦးထွန်းလူ (၀၂၃၀)
ဦးထွန်းလူ စာပေ ထုတ်ဝေရေး၊
၁၃၊ ၁၄၆-လမ်း၊ ရန်ကုန်။

ပုံနှိပ်သူ။ ။ဦးစိန်လင်း (၀၇၂၀)
ရတနာသိဒ္ဓိရုံနှိပ်တိုက်၊
၉၄၉၊ လမ်း ၃၀၊ ၁၀-ရပ်ကွက်၊
ကောင်ဥက္ကလာပ။

အုပ်ရေ ၁၀၀၀။
ဒုတိယ အကြိမ်
ဓမ္မဒါနပြုရန်

၁၃၃၂-ခု၊ တန်ဆောင်မုန်းလ။

# နိဒါန်း

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊
ဗုဒ္ဓေနာဒိစ္စ ဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊
ကလျာဏေကော ပုထုဇ္ဇနော။

ဒီဃနိကာယ်၊ သုတ်သီလက္ခန် ဗြဟ္မဇာလသုတ် အဋ္ဌကထာ။

အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အနွယ်ဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒုဝေ၊ နှစ်ယောက်ကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့ကို။ ဝုတ္တာ၊ ဟောတော်မူ အပ်ကုန်၏။ အန္ဓော ပုထုဇ္ဇနော ဧကော၊ အန္ဓပုထုဇဉ်လည်းတယောက်။ ကလျာဏေကော ပုထုဇ္ဇနော၊ ကလျာဏ ပုထုဇဉ်လည်းတယောက်တည်း။

## အန္ဓပုထုဇဉ်၏ လက္ခဏာကား

ယဿ ခန္ဓ, ဓာတု, အာယတန, ပစ္စယာကာရ,သတိပဋ္ဌာနာဒီသု ဥဂ္ဂဟ, ပရိပုစ္ဆာ, ဝိနိစ္ဆယ ရဟိတတ္တာ ဒိဋ္ဌိပဋိသေဓကော နေဝ အာဂမော။

သီလက္ခန် အဋ္ဌကထာ။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ခန္ဓ,ဓာတု, အာယတန, ပစ္စယာကာရ, သတိပဋ္ဌာနာဒီသု၊ ခန္ဓာတရား, ဓာတ်တရား, အာယတနတရား, ပဋိစ္စသမုပ္ပါဒ်တရား, သတိပဋ္ဌာန်တရား,

စသည်တို့၌။ ဥဂ္ဂဟ ပရိပုစ္ဆာ ဝိနိစ္ဆယရဟိတတ္တာ၊ ပါဠိကိုအစွဲ အမြဲရခြင်း အနက်အဓိပ္ပါယ်ကို ဆွေးနွေးခြင်း ဆုံးဖြတ်ရှင်း လင်းနိုင်ခြင်းမှ ကင်းသည်၏ အဖြစ်ကြောင့်။ ဒိဋ္ဌိပဋိသေဓကော၊ မိမိသန္တာန်၌ ရှိနေသော သက္ကာယဒိဋ္ဌိတရားကို တားမြစ်ပယ်ဖျက်နိုင်သော။ အာဂမော၊ အဘိဓမ္မာသုတ္တန် ကျမ်းဂန် အာဂုံ နှုတ်ငုံလေ့ကျက်ဆောင်ရွက်ရရှိသော ပါဠိတရားသည်။ နေဝအတ္ထိ၊ မရှိ။သော၊ ထိုပုဂ္ဂိုလ်ကို။ အဿုတဝါ ဣတိ၊ သုတဗုဒ္ဓိ ဉာဏ်မျက်စိမှ ကင်းသော အန္ဓပုထုဇဉ်ဟူ၍" ဉေ- ယျော၊ သိအပ်၏။

## ကလျာဏပုထုဇဉ်၏ လက္ခဏာကား

ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ပါဠိဘာသာ အတိုင်းနှင့် သရုပ်ကွဲပြား စွဲမြဲခြင်း ဟူသော ဥဂ္ဂဟ။ မိမိတို့ဘာသာနှင့် နေ့ရာကျပြ၍ပြောနိုင်ခြင်းဟူသော ပရိပုစ္ဆာ။ ကိုယ်တွေ့ဒိဋ္ဌိဟူသော ဥဒါဟရုဏ်။ ထင်မြင်နိုင်ရန် ပုံပန်းသဏ္ဌာန်ဟူသောဥပမာ။ ဤသို့ တခုတခုသောဓာတ်၌ ဥဒါဟရုဏ် ပုံသက်သေ သာဓကတို့နှင့် ယုတ္တိယုတ္တာ နေရာတကျ ပြောဆိုနိုင်ခြင်းဟူသော ဝိနိစ္ဆယ။

ဤသို့ဥဂ္ဂဟ ပရိပုစ္ဆာဝိနိစ္ဆယသုံးပါးတို့ဖြင့် ခန္ဓာငါးပါး၌ဉာဏ်မျက်စိအလင်းပေါက်သောသူ၊ အာယတနံတဆဲ့နှစ်ပါး၌ ဉာဏ်မျက်စိ အလင်းပေါက်သောသူ။ ဓာတ်တဆဲ့ရှစ်ပါး၌

ဉာဏ်မျက်စိ အလင်းပေါက်သောသူ၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တဆဲ့နှစ်ပါး၌ဉာဏ်မျက်စိ အလင်းပေါက်သောသူ။ ဤကား ကလျာဏ ပုထုဇဉ်လက္ခဏာတည်း။

၁။ ငါ၏ခန္ဓာကိုယ်သည် စင်စစ်ကေန် အမှန်သော်ကား ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့သည် သော တော်မူတိုင်းသော ပရမတ္ထ သင်္ခါရအစုသာတည်းဟု ယုံယုံ ကြည်ကြည် သိမြင်ထင်ရှား မှတ်သားစွမ်းနိုင်သော ပညာရှိ ပုဂ္ဂိုလ်သည် အဟုတ်အမှန် သိစွမ်းနိုင်သော ပညာရှိသော ကြောင့်ဉာဏ်မျက်စိအမြင်သန့်သည်ဖြစ်၍ကောင်းမြတ်သော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်မည်၏။

၂။ ငါ၏ ခန္ဓာကိုယ်သည် နာမ်ရုပ်အစုသာတည်းဟု မှန် ကန်ကောင်းမြတ်သော ဉာဏ်မျက်စိ အမြင်သန့်သောကြောင့် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်မည်၏။

၃။ ငါ၏ ခန္ဓာကိုယ်သည် စိတ်, စေတသိက်, ရုပ်, အစု သာတည်းဟု အဟုတ်အမှန် သိစွမ်းနိုင်သောကြောင့်ကလျာ ဏပုထုဇဉ်မည်၏။

၄။ ငါ၏ ခန္ဓာကိုယ်သည် ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ အစုသာတည်း ဟု အဟုတ် အမှန် သိစွမ်းနိုင်သောကြောင့် ကလျာဏပုထုဇဉ် မည်၏။

၅။ ငါ၏ ခန္ဓာကိုယ်သည် စက္ခွာယတန စသော အာယတန တဆဲ့နှစ်ပါးတို့ အစုသာတည်းဟု အဟုတ်အမှန် သိစွမ်းနိုင်သောကြောင့် ကလျာဏပုထုဇဉ်မည်၏။

၆။ ငါ၏ခန္ဓာကိုယ်သည် စက္ခုဓာတ်စသော ဓာတ်တဆဲ့ရှစ်ပါးတို့၏အစုသာတည်းဟု အဟုတ်အမှန်သိစွမ်းနိုင်သောကြောင့် ကလျာဏပုထုဇဉ်မည်၏။

ထို့ကြောင့် စိတ် စေတသိက် ရုပ် ပဋိစ္စသမုပ္ပါဒ် အစုကို သင်္ခါရအစုသာတည်းဟု ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်၊ ကင်္ခါဝိတရဏဉာဏ်ဖြင့်ဆင်ခြင်၍အနိစ္စလက္ခဏာဒုက္ခလက္ခဏာအနတ္တလက္ခဏာဟူသောယာဉ်သုံးပါးဖြင့်ဝိပဿနာတင်၍မဂ်ဖိုလ်ပေါက်ခြင်း၊

စိတ် စေတသိက် ရုပ်ပဋိစ္စသမုပ္ပါဒ် အစုကို နာမ် ရုပ်နှစ်ပါး အစုသာတည်းဟု ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ကင်္ခါဝိတရဏဉာဏ်ဖြင့် ဆင်ခြင်၍ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာဟူသောယာဉ်သုံးပါးဖြင့် ဝိပဿနာတင်၍ မဂ်ရောက် ဖိုလ်ရောက်ဖြစ်ခြင်း။

ဆိုအပ်ခဲ့ပြီးသောအခြင်းအရာအားဖြင့်ဝိသုဒ္ဓိမဂ်ဉာဏ်ကို ရပြီးသော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်သည်ယခုဘဝသေသည်မှ အခြားမဲ့၌ အပါယ်လေးပါးမလားမကပ်မြတ်သောလူ့ပြည် နတ်ပြည် ကျင်လည်လည်းလျောင်းရာ ရှိသည်ဖြစ်၍ အရိယာသောတာပန် အပါယ် လေးပါး မလားသည်နှင့် တူသောကြောင့် ထိုကလျာဏပုထုဇဉ် ပုဂ္ဂိုလ်ကို “စူဠသောတာပန်” သောတာပန်ငယ်ဟု ကေန်မုချ ဆိုအပ်လေသည်။

ဤသို့သော အချက်ကြီးများကို ကောင်းစွာမြော်မြင်ဆင်ခြင်ရှေးရှု ဉာဏ်စက္ခုဖြင့် ဓမ္မပဒေ အထွေထွေကိုရှာဖွေစုဆောင်းနည်းလမ်းကောင်းဖြင့် အကြောင်းအားလျော်စွာစီရင်ရေးသားတော်မူသော အရှင်မြတ် သည်ကား—

သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ မဟာနာယက အဖွဲ့တွင် တပါးအပါအဝင် ဖြစ်သော သထုံခရိုင်ကျိုက်ကော် သိမ်ဆိပ် နန်းတောင်း ဆရာတော် "ဦးဣန္ဒာစာရ" အရှင်မြတ်ကြီးပင် ဖြစ်ပါသည်။

ထိုအရှင်မြတ်ကြီး၏သဘောတော်မှာ "မနုဿတ္တဒုလ္လဘ" ရခဲလှစွာသော လူ့အဖြစ် "ဗုဒ္ဓုပ္ပါဒနဝမ" ကြုံကြိုက် ခဲလှစွာသော ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်မြတ်ကြီးနှင့် ရင်ဆိုင်နေကြရသော စာပေကျမ်းဂန်နှင့်အလှမ်းဝေး၍ မျက်နှာစိမ်းနေကြသော လူလောကလူ့နယ်အတွင်းမှလူစာရင်းတွင် မဝင်မပါ ဗလာနောက်ဆုံး နလပိန်းတုံး လူဖြစ် ရှုံးကြရမည့် ပုဂ္ဂိုလ်တို့၏အရေးကို တွေးမိတိုင်း စိတ်မအေးသဖြင့် စကားလုံး သေးသေး ကျဉ်းကျဉ်းနှင့် ယခင်ရှေး အထက်ကာရိကကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးထံမှ နာခံမှတ်သား လေ့လာခွါးများခဲ့သော အဘိဓမ္မာတရားအချက်အလက်တို့ကို ပါဠိမဘက် စကားသွားသက်သက်ဖြင့် ဉာဏ်အကွက်ဆိုက်အောင် ရေးသားတော်မူခြင်း ဖြစ်ပါသည်။

သို့ပါ၍ အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာ အလင်းရောင်ကို ထွန်းပြောင်ထိန်လင်းကလျာဏနယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက် "စူဠသောတာပန်" စခန်း ပေါက်မြောက်လိုသူများဗိုလ်လူတို့ ကြည်ဖြူဝမ်းပန်း၍သည့်ကျမ်းကို ရှင်လန်းသောမန်သ မနောဓာတ်၌ တောမသတ်ပီတိ ဂွမ်းဆီထိသို့ ရွှန်းအိလျှ်ဖြာ ကြည်သာရေးယူ အလေးမူသဖြင့် ဖွေးဖြူစေတနာ သဒ္ဓါခက်လက် ဝီရိယထက်ထက်နှင့် ဉာဏ်စက်ဖြာကြစေသတည်း။

လယ်တီ-ဦးလှတင်

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်အဖွဲ့ဝင်လူကြီး၊
သထုံမြို့။

# ပဏာမ

၁။ ထွန်းတက်ဘုန်းရှိန်၊ လင်းလင်းထိန်၊ ဇိနိန်နမာမိ။

၂။ အလင်းရောက်လို၊ မျှားလူဗိုလ်၊ လျှောက်ဆိုတောင်း ပန်ဘိ။

၃။ အလင်းရောက်လမ်း၊ ကျင့်စဉ်ကျမ်း၊ ကြိုးပမ်း ရေး မည်သိ။

၄။ ရှုပ်-နာမ်ဓမ္မ၊ မသိက၊ အန္ဓခေါ်ဆိုဘိ။

၅။ ကလျာဏငြိမ်း၊ အလင်းကျမ်း၊ မဂ်လမ်း ဖြောင့် မည်သိ။

၆။ သင်လွယ်, မှတ်လွယ်၊ ကျင့်ကြံဘွယ်၊ ဆန်းကြယ် နည်းနာရှိ။

၇။ ကလေးသူငယ်၊ လူမမယ်၊ ဉာဏ်ဝယ်ရှင်းစေ၏။

၈။ ထို့ကြောင့်ခပင်း၊ လူတသင်း၊ ဉာဏ်တွင်းမိစေ၏။

၉။ ဉာဏ်အမြင်လင်း၊ ဒိဋ္ဌိကင်း၊ ရောက်ခြင်းနိဗ္ဗူတိ။

၁၀။ နိဗ္ဗာန်ရောက်မှု၊ အေးမည်ပ၊ မုချကိန်းသေသိ။

၁၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါထွန်းပါဘို့။

၁၂။ ဗုဒ္ဓမိန့်မြွက်၊ မမှစက်၊ လေးနက်လှပါဘိ။

၁၃။ အခွင့်သာခိုက်၊ လုံ့လစိုက်၊ အားတိုက်မာန်ငွမ်းရှိ။

၁၄။ အခွင့်သာဆဲ၊ လုံ့လသဲ၊ စွဲမြဲညာဏ်သတိ။

၁၅။ အခွင့်သာတုန်း၊ အမြန်ရုန်း၊ မရှုံးစေရာသိ။

၁၆။ နန်းတောင်း ဝိဟာ၊ ထေရ်ဆရာ၊ သေချာ ညွှန်ကြား၏။



# ကလျာဏ အလင်းကျမ်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ရုပ် ၁၈-ပါး အကျဉ်းမှတ်ရန်

၁။ ပထဝီဟူသော-မြေဓာတ်တပါး။

၂။ အာပေါဟူသော-ရေဓာတ်တပါး။

၃။ တေဇောဟူသော-မီးပူမီး၎ ဓာတ်တပါး။

၄။ ဝါယောဟူသော-လေဓာတ်တပါး။

ပေါင်းလေးပါးကို ကြီးကျယ်စွာ ဖြစ်တတ် ပွားတတ် သောကြောင့် မဟာဘုတ်ဟု ခေါ်သည်။

(ဆောင်ပုဒ်ဟူသမျှ * ခရေပွင့်ပြထားသည်)

* မြေ, ရေ, လေ, မီး၊ လွန်ပွားစီး၊ ဓာတ်ကြီးစတုက္က။

၁။ ပထဝီဟူသော မြေဓာတ်ကိုမျက်စိဖြင့် မမြင်ရသော်လည်း စမ်းသပ်တွေ့ထိသော် ကြမ်းထမ်း တောင့်တင်း ခိုင်မာခြင်း "ကက္ခဠ" အမှတ်လက္ခဏာတည်ရာမှိုရာ အလုပ်ကိစ္စဟူသောပတိဋ္ဌာနရသရှိ၏။ ဆိမ့်ချိုသောအရသာကိုကြိုက်၏။

၂။ အာပေါဟူသောရေဓာတ်ကို မျက်စိဖြင့်လည်းမမြင်ရ စမ်းသပ်သော်လည်းမတွေ့မထိကောင်း ဖွဲ့စည်းခြင်း အာဗန္ဓနယိုစီးခြင်း ပဃ္ဃရဏ၊ အမှတ်လက္ခဏာ မိမိနှင့် အတူဖြစ်သောရုပ်တို့ကိုတိုးပွါးစေခြင်း ဗြူဟနအလုပ်ကိစ္စရှိ၏။ ချိုးချဉ်ငန်ဖန်သော အရသာကို ကြိုက်၏။

၃။ တေဇောဟူသော မီးပူ မီးငေ ဓာတ်ကို မျက်စိဖြင့် မမြင်ရသော်လည်း စမ်းသပ် တွေ့ထိသော် ပူလောင်ခြင်း ဥဏှတ္တ အမှတ်လက္ခဏာ ရင့်ခြင်းကျက်ခြင်း ကျေခြင်း ညက်ခြင်းဟူသော ပရိပါစန ရသ အလုပ်ကိစ္စရှိ၏။ ပူစပ်သောအရသာကို ကြိုက်၏။

၄။ ဝါယောဟူသော လေဓာတ်ကို မျက်စိဖြင့် မမြင်ရသော်လည်း စမ်းသပ်တွေ့ထိသော်တွန်းကန်ထောက်ပံ့ ဖိညှပ်ခြင်း ဝိတ္ထမ္ဘိတ အမှတ်လက္ခဏာ ရွေ့ခြင်း လှုပ်ရှားစေခြင်း သမုဒီရဏ အလုပ်ကိစ္စရှိ၏။ ခါးပူသောအရသာကို ကြိုက်၏။

* ကြွမ်းထမ်းခိုင်မာ၊ တည်တံ့ရာကို ပထဝီဟုဆို။
* ဖွဲ့စည်းယိုစီး၊ တိုးပွားကြီးကို၊ အာပေါဓာတ်ဟုဆို။
* ပူမှုအေးမှု၊ ရင့်ကျက်မှုကို၊ တေဇောဓာတ်ဟုဆို။
* ဘွန်းကန် ဖိညှပ်၊ ထောက်ပံ့လှုပ်ရှား၊ ဤတရားကို ဝါယောဓာတ်ဟုဆို။

ဘူတရုပ်လေးပါး ပြီး၏။

---

**ပသာဒရုပ် ငါးပါး**

၁။ မျက်စိ ခုနစ်လွှာအတွင်း သန်းဦးခေါင်း ပမာဏ ရှိသော အကြည်ဓာတ်ကို စက္ခုပသာဒဟု ခေါ်သည်။

၂။ နားအတွင်း အမွေးနု ပေါက်ရာအရပ်၌ ကြေးနီ လက်စွပ်ကွင်း သဏ္ဌာန် ရှိသော အကြည်ဓာတ်ကို သောတ ပသာဒဟု ခေါ်သည်။

၃။ နှာခေါင်းအတွင်း ဆိတ်ခွာသဏ္ဌာန်အရပ်၌ ရှိသော အကြည်ဓာတ်ကို ဃာနပသာဒဟု ခေါ်သည်။

၄။ လျှာအလယ်ခေါင် တည့်တည့် ကြာရွက်ဖျား သဏ္ဌာန် အရပ်၌ရှိသော အကြည်ဓာတ်ကို ဇိဝှါပသာဒဟု ခေါ်သည်။

၅။ ခြေသည်း လက်သည်း ဆံ မွေးညှင်း လွတ်ရာအရပ် တကိုယ်လုံး၌ရှိသော အကြည်ဓာတ်ကို ကာယပသာဒဟု ခေါ်သည်။

* စက်ွသော, ဃာ,ဇိ၊ ကာအကြည်၊ ငါးလီပသာဒ။
ပသာဒရုပ် ငါးပါးပြီး၏။

---

## အာရုံ ငါးပါး

၁။ မျက်စိဖြင့် မြင်ကောင်းသောအဆင်းမျိုးစုံကိုရူပါရုံ ဟုခေါ်သည်။

၂။ နားဖြင့် ကြားကောင်းသောအသံမျိုးစုံကို သဒ္ဒါရုံ ဟုခေါ်သည်။

၃။ နှာခေါင်းဖြင့် အနံ့ရကောင်းသော အနံ့မျိုးစုံကို ဂန္ဓာရုံဟု ခေါ်သည်။

၄။ လျှာဖြင့်လျက်၍ ရကောင်းသော ချို,ချဉ်,ဖန်,ငန် စပ်,ခါး အရသာခြောက်ပါး၊ ခြောက်မျိုးစုံတို့ကို ရသာရုံဟု ခေါ်သည်။

၅။ ကိုယ်ဖြင့် တွေ့ထိ၍ ရကောင်းသော အတွေ့ အထိ မျိုးစုံကို ဖောဋ္ဌဗ္ဗာရုံဟုခေါ်သည်။

* ဆင်း,သံ,နံ့,,ရ၊တွေ့ပဥ္စကို၊ ငါးအာရုံဟုဆို။
အာရုံငါးပါး ပြီး၏။

## ဘာဝရုပ်နှစ်ပါး

၁။ မိန်းမတို့၏ တကိုယ်လုံး၌တည်သော ယောကျ်ားတို့နှင့်မတူသော ခြေလက် အင်္ဂါကြီးငယ် စသော အမူအရာ သဏ္ဌာန်တို့ကို ဣတ္ထိဘာဝရုပ်ဟု ခေါ်သည်။

၂။ ယောကျ်ားတို့၏တကိုယ်လုံး၌ တည်သောမိန်းမတို့နှင့်မတူသော ခြေလက်အင်္ဂါ ကြီးငယ်စသော အမူအရာ သဏ္ဌာန်တို့ကို ပုရိသ ဘာဝရုပ်ဟု ခေါ်သည်။

* ဣတ္ထိပုရိသ၊ နှစ်ဌာနကို၊ ဘာဝရုပ်ဟုဆို။

ဘာဝရုပ် ပြီး၏၊

---

## ဟဒယဝတ္ထုရုပ် တပါး

၁။ သားမြတ်နှစ်ခုတို့၏ အကြား၌ ကြာဖက်ကို လှန်၍ ထားဘိသကဲ့သို့ အောက်သို့အဝလှည့်၍ နေသောသရွတ်ခါးသီးနှင့် တူသော နှလုံးအိမ်၏ အတွင်း၌ တလက်ဆွန်းခွဲမျှ လောက်သော သွေးကိုမှီ၍ ဖြစ်သော ရုပ်အထူးကို ဟဒယဝတ္ထုရုပ်ဟု ခေါ်သည်။

ထိုဟဒယခေါ်သောနှလုံးသားသည် ဉာဏ်ကောင်းလျှင် အပေါက်ကျယ်၏။ ဉာဏ်ထိုင်းလျှင် အပေါက် ကျဉ်း၏။ လောဘကြီးလျှင် သွေးနီ၏။ ဒေါသကြီးလျှင် မည်း၏။ မောဟကြီးလျှင် အမဲသားဆေးရည်နှင့်တူ၏။ အကြံအစည်ဝိတက်များလျှင် ပဲပြုတ်ရည်နှင့်တူ၏။ သဒ္ဓါကြီးလျှင် ဝါ၏။ ပညာ

၂။ နှုတ်ဖြင့် လှုပ်၍ သိစေခြင်းကို ဝစီ ဝိညတ် ရုပ် ဟု ခေါ်သည်။

* ကာယဝစီ၊ နှစ်လီအင်္ဂါ၊ လိုရာလှုပ်ရေး၊ဝိညတ်ဒွေး။
ဝိညတ်ရုပ်နှစ်ပါးပြီး၏။

---

## လဟုတာ မုဒုတာ ကမ္မညတာ ရုပ်သုံးပါး

၁။ ရုပ်တို့၏ပေါ့ပါးခြင်းကို လဟုတာရုပ်။
ရုပ်တို့၏ နူးညံ့ခြင်းကို မုဒုတာရုပ်။
ရုပ်တို့၏ ကျန်းမာခြင်း အမှု၌ ခံ့ခြင်းအမှု၌ ကောင်းသည်၏ အဖြစ်ကို ကမ္မညတာရုပ်ဟု ခေါ်သည်။

* ပေါ့ပါးလဟု၊ မုဒုနူးညံ့၊ အမှုခံ့ကို၊ကမ္မညတာဟု။

## တနည်း ဝိကာရရုပ်သုံးပါး

၁။ ရူပဿလဟုတာရုပ် ရုပ်၏ပေါ့ပါးမှု။

၂။ ရူပဿ မုဒုတာရုပ် ရုပ်၏နူးညံ့မှု။

၃။ ရူပဿကမ္မညတာရုပ် ရုပ်၏တွေ့ရာ အမှုတို့၌ ခံ့ညားမှု။

အမူအရာ အထူးရှိသည်ဖြစ်၍ ဝိကာရရုပ် ခေါ်သည်။

ဝိကာရရုပ်သုံးပါးပြီး၏။

## လက္ခဏာရုပ်လေးပါး

၁။ ရုပ်တို့၏ ဖြစ်ဆဲ ဖြစ်ပွါးခြင်းကို ဥပစယရုပ်။
၂။ ရုပ်တို့၏ ဖြစ်စဉ်ကို သန္တတိရုပ်။
၃။ ရုပ်တို့၏ ဆွေးမြေ့ အိုမင်း ရင့်ရော် ခြင်းကို ဇရတာရုပ်။
၄။ ရုပ်တို့၏ ချုပ်ပျက် သေဆုံးခြင်းကို အနိစ္စတာရုပ်ဟု ခေါ်သည်။

* ဖြစ်ပွါးဖြစ်ဆင့်၊ဆွေးရင့် ချုပ်ပျက်၊ ဤလေးချက်ကို၊လက္ခဏာရုပ်ဟုဆို။

၎င်းရုပ်လေးပါးကို ရုပ်တို့၏အမှတ် ဖြစ်ခြင်းကြောင့် လက္ခဏာရုပ်ဟု ခေါ်သည်။

**မှတ်ချက်။** ။ဤလက္ခဏာရုပ် လေးခုတို့တွင် ဥပစယနှင့်သန္တတိရုပ်နှစ်ခုကို ဇာတိရုပ်တခုတည်း ယူလေ။

လက္ခဏာရုပ်လေးပါးပြီး၏။

---

အာကာသအာစ အနိစ္စတာအဆုံးရှိသော ဆယ်ပါးသော ရုပ်တို့ကို"အနိပ္ဖန္နရုပ်" ဟုခေါ်သည်။ ။ရုပ်စစ်ရုပ်မှန်မဟုတ်။

ရုပ်နှစ်ဆဲ့ရှစ်ပါး ပြီး၏။

---

## ရုပ်တို့၏အကြောင်းတရား

ထိုနှစ်ဆဲ့ရှစ်ပါးသည် အကျိုးတရားဖြစ်၏၊ ရုပ်ကိုဖြစ်စေတတ်ကုန်သော အကြောင်းတရားတို့သည်ကား-

၁။ အတိတ်၌ဖြစ်သော ကုသိုလ်,အကုသိုလ်ကံတပါး။

၂။ ယခုပစ္စုပ္ပန်၌ ဖြစ်သော စိတ်, စေတသိက် အပေါင်းတပါး။

၃။ မိးပူ-မီးဟူသော ဥဏှ-သီတ-တေဇောဓာတ် ဟုဆိုအပ်သော ဥတုတပါး။

၄။ ဩဇာဟုဆိုအပ်သော အာဟာရတပါး။

ပေါင်း လေးပါး တို့သည် ရုပ်ကို ဖြစ်စေ နိုင်သော အကြောင်းတရားတို့ မည်ကုန်၏။

* ကံ, စိတ်, ဥ, အာ၊ ရုပ်ဖြစ်ရာကို၊လေးဖြာအကြောင်းဟုဆို။

ပသာဒရုပ်ငါးပါး ဘာဝရုပ်နှစ်ပါး ဟဒယ ဝတ္ထုရုပ်တပါး ဇီဝိတရုပ်တပါး ပေါင်း ၉-ပါးသည် အတိတ် ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံ ကြောင့်သာလျှင် ဖြစ်ခြင်းကြောင့် ကမ္မဇရုပ်ဟုခေါ်သည်။ (ကေန်)

ကာယဝိညတ် ဝစီဝိညတ် ရုပ်နှစ်ခုတို့သည် ယခုပစ္စုပ္ပန်၌ ဖြစ်ဆဲဖြစ်သော စိတ်, စေတသိက် တို့ကြောင့်သာ ဖြစ်ခြင်းကြောင့် စိတ္တဇရုပ်ဟု ခေါ်သည်။ (ကေန်)

အသံမည်သောသဒ္ဒါရုံသည်စိတ်ကြောင့်ရင်းဥတုကြောင့်ရင်း ဖြစ်ခြင်းကြောင့် စိတ် ဥတုဇ ရုပ်မည်၏။ (အနေကန်)

လဟုတာ, မုဒုတာ, ကမ္မညတာ ဤရုပ်သုံးခုတို့သည် စိတ်ကြောင့်ရင်း ဥတုကြောင့်ရင်း အာဟာရကြောင့်ရင်း ဖြစ်ခြင်းကြောင့် စိတ်,ဥတု, အာဟာရဇ ရုပ်တို့ မည်ကုန်၏။ တိဇရုပ်လို့လည်း ခေါ်သည်။ (အနေကန်)

ရူပါရုံ,ဂန္ဓာရုံ,ရသာရုံ, အာဟာရရုပ်, ပထဝီ, အာပေါ, တေဇော, ဝါယော ပေါင်း ဤရှစ်ပါးသောရုပ်တို့သည်တခုနှင့်တခု ခွဲခွါ၍ မရကောင်း မဖြစ်ကောင်း သောကြောင့် အဝိနိဗ္ဘောဂရုပ်ဟုခေါ်သည်။တနည်းရှစ်ခုအပေါင်းအစည်း အစုဖြစ်ခြင်းကြောင့် အဋ္ဌကလာပ်ရုပ်လို့လည်းခေါ်သည်။

အဝိနိဗ္ဘောဂရုပ်ရှစ်ခု၊ အာကာသဓာတ်တခု၊ ပေါင်း ဤကိုးခုသောရုပ်တို့သည် ကံကြောင့်ရင်း၊စိတ်ကြောင့်ရင်း၊ဥတုကြောင့်ရင်း၊ အာဟာရကြောင့်ရင်း ဖြစ်ခြင်းကြောင့် ကံ, စိတ်, ဥတု, အာဟာရဇရုပ်တို့ မည်ကုန်၏။ စတုဇရုပ်လို့လည်း ခေါ်သည်။ (အနေကန်)

ဥပစယ,သန္တတိ,ဇရတာ,အနိစ္စတာ-ဟူသောလက္ခဏာရုပ်လေးခုတို့သည် နိပ္ဖန္နရုပ် (၁၈) ခုတို့၏ သဘော၏ အဖြစ်ကြောင့်သာလျှင် ဖြစ်၏။ တစုံတခုသော အကြောင်းကြောင့် မဖြစ်ကုန်။ ထို့ကြောင့် နကုတောစိသမုဋ္ဌာန် ရုပ်လို့လည်း ခေါ်ပါသည်။ ရုပ်၏ အကြောင်းတရား ပြီး၏။

ကမ္မဇရုပ် ကေန် ၉-ခု၊ အနေကန် ၉-ခု ပေါင်း ၁၈-ခု။
စိတ္တဇရုပ် ကေန် ၂-ခု၊ အနေကန် ၁၃-ခု ပေါင်း၁၅-ခု။
ဥတုဇနှင့် အာဟာရဇ ကေန်မရှိ။
ကမ္မဇ ၁၈-ခု၊ စိတ္တဇ ၁၅-ခု၊ ဥတုဇ ၁၃-ခု၊ အာဟာရဇ ၁၂-ခု ပေါင်း ရုပ်(၅၈)ခု။
* ဆဲ့ရှစ် ဆဲ့ငါး၊ ဆဲ့သုံးထား၊ နောက်ဖျား ဒွါဒသ။
ကံ, စိတ်, ဥ, သြ၊ အစဉ်ဟော၊ အရောအဋ္ဌပဉ္စ။
သမုဋ္ဌာန်လေးပါး အကျဉ်းသရုပ်ခွဲ ပြီး၏။

---

## ကလာပ်စည်းပုံကို ပြဦးအံ့

ကမ္မဇကလာပ် ၉-စည်း
စိတ္တဇကလာပ် ၆-စည်း
ဥတုဇကလာပ် ၄-စည်း
အာဟာရဇကလာပ် ၂-စည်း
ပေါင်း ကလာပ် (၂၁) စည်း
ကမ္မဇကလာပ် ၉-စည်းကား အဋ္ဌကလာပ်ရုပ် ၈-ခု၊ ဇီဝိတရုပ် ၁-ခု၊ စက္ခုပသာဒရုပ် ၁-ခု ပေါင်း စက္ခုဒသက
ကလာပ်တစည်း ရုပ် ၁၀-ခု။
ကာယဒသကကလာပ် တစည်း ရုပ် ၁၀-ခု။
ဘာဝဒသက ကလာပ်တစည်း ရုပ် ၁၀-ခု။

သုတေသနစာကြည့်တိုက်
သာသနာ့တော်တွန်းကားပြန့်ပွားရေးဦးစီး
ကမ္ဘာအေး၊ ရန်ကုန်


ဇီဝိတဒသက ကလာပ်တစည်း ရုပ် ၁၀-ခု။
ကာယဒသက ကလာပ်တစည်း ရုပ် ၁၀-ခု။
ဣတ္ထိဘာဝဒသက ကလာပ်တစည်း ရုပ် ၁၀-ခု။
ပုရိသဘာဝဒသက ကလာပ်တစည်း ရုပ် ၁၀-ခု။
ဟဒယဝတ္ထုဒသက ကလာပ်တစည်း ရုပ် ၁၀-ခု။
ဇီဝိတနဝက ကလာပ်တစည်း ရုပ် ၉-ခု။
ပေါင်း - ၄င်း ကမ္မဇကလာပ်သည် ရုပ် အရေအတွက် အားဖြင့်(၇၉)ကလာပ်အားဖြင့် ၉-စည်းဖြစ်၏။

**စိတ္တဇကလာပ်(၆)စည်းကား**

အဋ္ဌကလာပ် ၈-ခု သက်သက်တစည်း ရုပ် ၈-ခု။
အဋ္ဌကလာပ်နှင့်တကွကာယဝိညတ် ရုပ်တစည်း ၉-ခု။
၄င်းဝစီဝိညတ်သဒ္ဒရုပ်တစည်း ၁၀-ခု။
၄င်းလဟုတာစသည်နှင့်တကွ တစည်း ၁၁-ခု။
၄င်းကာယဝိညတ်လဟုတာစသည်နှင့်တကွ တစည်း၁၂-ခု။
၄င်းဝစီဝိညတ်သဒ္ဒလဟုတာစသည်နှင့်တကွတစည်း-၁၃ခု။
၄င်း စိတ္တဇ ကလာပ်သည် ရုပ်အရေအတွက် အားဖြင့် (၆၃)ကလာပ်အားဖြင့် ၆-စည်းဖြစ်ပါသည်။

**ဥတုဇကလာပ်(၄)စည်းကား**

အဋ္ဌကလာပ်ရုပ် ၈-ခု သက်သက် တစည်း ရုပ် ၈-ခု။
၄င်းသဒ္ဒနဝက ကလာပ်တစည်း ၉-ခု။
၄င်းလဟုတာဒိကောဒသက ကလာပ်တစည်း

ရေး ဦးခင်မိုး၊ ဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ၸင်းသဒ္ဒလဟုတာဒိဒ္ဒါဒသက ကလာပ်တစည်း ၁၂-ခု။

ၸင်းဥတုဇကလာပ်သည် ရုပ်အရေအတွက်အားဖြင့်(၄၀) ကလာပ်အားဖြင့်(၄)စည်းဖြစ်ပါသည်။

**အာဟာရဇကလာပ်(၂)စည်းကား**

အဋ္ဌကလာပ်ရုပ် ၈-ခု သက်သက် တစည်း ရုပ် ၈-ခု။

ၸင်းလဟုတာဒိ ကောဒသက ကလာပ်တစည်း ၁၁-ခု။

ၸင်းအာဟာရဇ ကလာပ်သည် ရုပ်အရေအတွက် အားဖြင့်(၁၉)၊ ကလာပ်အားဖြင့်(၂)စည်းဖြစ်ပါသည်။

ကံ,စိတ်, ဥတု, အာဟာရဇ ကလာပ် (၂၁)စည်းသည် အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်၏။

တနည်းကား အဇ္ဈတ္တသန္တာန်၌ ကလာပ် (၂၁)စည်း ရ၏။

အဋ္ဌကလာပ် ၈-ခုသက်သက် တစည်းနှင့်တကွ သဒ္ဒနဝက ကလာပ်တစည်း၊ ၸင်းကလာပ် ၂-စည်းသည် အဇ္ဈတ္တ သန္တာန်, ဗဟိဒ္ဓသန္တာန်တို့၌ ဖြစ်ကုန်၏။

ဤသည်လျှင် ရုပ်အကျဉ်း သရုပ်အကျဉ်း ကလာပ်စည်း ပုံတို့ကို ပြသောအခန်းတရပ် ပြီး၏။

---

## သုတ္တန်နည်း

ရုပ် (၂၈)ပါးတို့တွင် ပထဝီ, အာပေါ, တေဇော, ဝါ ယောဟု ဆိုအပ်သော ဓာတ်(၄)ပါးရှိ၏။ ၸင်းလေးပါးတို့

တွင် ပထဝီဓာတ်(၂၀)အာပေါဓာတ်(၁၂) တေဇောဓာတ် (၄) ဝါယောဓာတ်(၆)ပါးရှိ၏။ ၎င်းတို့တွင်-

**ပထဝီဓာတ်(၂၀)ကား**

၁။ ကေသာ ဆံပင်။ ၁၁။ ဟဒယံ နှလုံး။
၂။ လောမာ အမွေး။ ၁၂။ ယကနံ အသည်း။
၃။ နခါ ခြေသည်းလက်သည်း။ ၁၃။ ကိလောမကံ အမြှေး။
၄။ ဒန္တာ သွား ၁၄။ ပိဟကံ အဖျဉ်း။
၅။ တစော အရေ။ ၁၅။ ပပ္ဖါသံ အဆုတ်။
၆။ မံသံ အသား။ ၁၆။ အန္တံ အူမ။
၇။ နှာရု အကြော။ ၁၇။ အန္တဂုဏံ အူသိမ်။
၈။ အဋ္ဌိ အရိုး။ ၁၈။ ဥဒရိယံ အစာသစ်။
၉။ အဋ္ဌိမိဉ္ဇံ ရိုးတွင်းခြင်ဆီ။ ၁၉။ ကရီသံ အစာဟောင်း။
၁၀။ ဝက္ကံ အညှို့။ ၂၀။ မတ္ထလုင်္ဂံ ဦးနှောက်။

**အာပေါဓာတ်(၁၂)ကား**

၁။ ပိတ္တံ သည်းခြေ။ ၇။ အဿု မျက်ရည်။
၂။ သေမှံ သလိပ်။ ၈။ ဝသာ ဆီကြည်။
၃။ ပုဗ္ဗော ပြည်။ ၉။ ခေဠော တံတွေး။
၄။ လောဟိတံ သွေး။ ၁၀။ သိင်္ဃာဏိကာ နှပ်။
၅။ သေဒေါ ချွေး။ ၁၁။ လသိကာ အစေး။
၆။ မေဒေါ အဆီခဲ။ ၁၂။ မုတ္တံ ကျင်ငယ်။

**တေဇောဓာတ် (၄) ပါးကား**

၁။ သန္တပ္ပနတေဇော တရက်ပူ တရက်ချမ်းခြင်း။
၂။ ဇီရဏတေဇော ဆံဖြူ သွားကျိုး နားထိုင်း အိုမင်း ရင့်ရော်ခြင်း။
၃။ ဒဟတေဇော မခံမရပ်နိုင်အောင်ပြင်းစွာပူလောင်ခြင်း။
၄။ ပါစကတေဇော အစာဟူသမျှကို ရင့်ကျက် ကြေညက်ခြင်း။

**ဝါယောဓာတ် (၆) ပါးကား**

၁။ ဥဒ္ဓင်္ဂမဝါယော အထက်သို့ ဆန်တက်သောလေ။
၂။ အဓောဂမဝါယော အောက်သို့စုန်ဆင်းသောလေ။
၃။ ကုစ္ဆိဋ္ဌဝါယော ဝမ်းခေါင်း၌တည်သောလေ။
၄။ ကောဋ္ဌာသယဝါယော အူတွင်း၌ တည်သောလေ။
၅။ အင်္ဂမင်္ဂါနုသာရီဝါယော အင်္ဂါကြီးငယ်သို့ သွားသောလေ။
၆။ အဿာသ ပဿာသဝါယော ထွက်သက် ဝင်သက် လေများဟူ၍ ဓာတ်ကြီး လေးပါး၊ အကျယ်(၄၂) ပါးဟူ၍ မှတ်ထားလေ။ ။အာဂုံ နှုတ်တက် ရအောင်ကျက်လေ။

သုတ္တန်နည်း ပြီး၏။

**ဝိညာဉ်ခြောက်ပါးကား**

၁။ မျက်စိအသိ စက္ခုဝိညာဉ်။
၂။ နားအသိ သောတဝိညာဉ်။
၃။ နှာခေါင်းအသိ ဃာနဝိညာဉ်။
၄။ လျှာအသိ ဇိဝှါဝိညာဉ်။
၅။ ကိုယ်အသိ ကာယဝိညာဉ်။
၆။ စိတ်အသိ မနောဝိညာဉ်။

**ခန္ဓာငါးပါးကား**

၁။ ရုပ်တရားအစုကို ရူပက္ခန္ဓာ။
၂။ ခံစားခြင်းတရားအစုကို ဝေဒနာက္ခန္ဓာ။
၃။ မှတ်သားခြင်းတရားအစုကို သညာက္ခန္ဓာ။
၄။ စေ့ဆော်ခြင်း အားထုတ်ခြင်း ပြုပြင်ခြင်းစသော တရားအစုကို သင်္ခါရက္ခန္ဓာ။
၅။ သိခြင်းတရားအစုကို ဝိညာဏက္ခန္ဓာ။

**အာယတနတဆဲ့နှစ်ပါးကား**

သံသရာကို ချဲ့ထွင် တတ်သောကြောင့် အာယတနဟု ခေါ်သည်။

စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတန။

**ဓာတ်တဆဲ့ရှစ်ပါးကား**

သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲသို့ ဆောင်တတ်သောကြောင့် ဓာတ်ဟုခေါ်သည်။

စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ဇိဝှါဓာတ်၊ ကာယဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ စက္ခုဝိညာဏ ဓာတ်၊ သောတ ဝိညာဏ ဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယ ဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မ ဓာတ်။

**သစ္စာလေးပါးကား**

ဆင်းရဲသောရုပ်နာမ်တရားတို့ကိုဒုက္ခသစ္စာဟုခေါ်သည်။

လိုချင်ခြင်း၊ တွယ်တာခြင်း၊နှစ်သက်ခြင်းစသောလောဘ တဏှာကို သမုဒယသစ္စာဟုခေါ်သည်။

ရုပ်နာမ်တို့၏ချုပ်ငြိမ်းရာ တရားအထူးကို နိရောဓသစ္စာ ဟု ခေါ်သည်။

ရုပ်နာမ်တို့၏ ချုပ်ငြိမ်းကြောင်း ဖြစ်သော မဂ္ဂင်တရား ရှစ်ပါးကို မဂ္ဂသစ္စာဟု ခေါ်သည်။

**မဂ္ဂင်တရားကိုယ်ရှစ်ပါးကား**

သမ္မာဒိဋ္ဌိ ကောင်းသောအယူ။

သမ္မာသင်္ကပ္ပ ကောင်းသောအကြံ။

သမ္မာဝါစာ ကောင်းသောစကား။
သမ္မာကမ္မန္တ ကောင်းသောအမှု။
သမ္မာအာဇီဝ ကောင်းသော အသက်မွေးခြင်း။
သမ္မာဝါယာမ ကောင်းသော လုံ့လဝီရိယ။
သမ္မာသတိ ကောင်းသောသတိ။
သမ္မာသမာဓိ ကောင်းသော တည်ကြည်ခြင်း။

---

## နောက်ဆက်တွဲ

၄၂-ပါးသော ရုပ်ကာယတို့တွင်-

အစာနှစ်မယ်၊ ပြည်ကျင်ငယ်၊ လေးသွယ်ဥတုဇ။
မီးပါစကာ၊ ကမ္မဇာ၊ သာသာစိတ္တဇ။
မျက်ရည်နှင့်ချွေး၊ နှပ်တံထွေး၊ လေးခု စိတ်,ဥဇ။
၃၂-ခု၊ အကြွင်းစု၊ စတုအကြောင်းရ။

အစာသစ်၊

အစာဟောင်း၊

ပြည်၊

ကျင်ငယ်၊

ဤကောဋ္ဌာသလေးပါးသည် ဥတုကြောင့်ဖြစ်၏။ ပါစက တေ်မီးသည် ကံကြောင့် ဖြစ်၏။ အဿာသ ပဿာသလေ သည် စိတ်ကြောင့်ဖြစ်၏။ ကေ့ဇကာယ ၆-ခုတည်း။

ချေး၊
နှပ်၊
တံထွေး၊
မျက်ရည်၊

ဤလေးပါးသည် ရုံခါ စိတ်ကြောင့်ဖြစ်၏၊ ရုံခါ ဥတုကြောင့်ဖြစ်၏။ ဒွိဇကာယ လေးခုတည်း။ကြွင်းသော ကာယပေါင်း၃၂-ခုသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးပါးရ၏။ စတုဇကာယ ၃၂-ခုတည်း။

ရုပ်ကိုပြရာ၌ ရုပ်အကြည်မည်သော ပသာဒ ၎ါးပါးသာပြခဲ့၏။ ယခုသီးခြား၍ နာမ်အကြည်ကို အလွယ်တကူမှတ်ယူရန်မှာ အောက်ပါအတိုင်း ရအောင် ကျက်ထားပါ။

ဟဒယဝတ္ထုရုပ်ပေါ်၌ တည်၍မှီ၍ နေသော နာမ်အကြည်ကို မနောဒွါရလို့ ခေါ်သည်။ မြန်မာလို နာမ်တံခါးလို့ ခေါ်သည်။ တနည်း ဘဝင်လို့ ခေါ်သည်။ နာမ်တံခါး နာမ်အကြည် မည်သော မနောဒွါရ၌ ဖြစ်သောစိတ်ဖြင့် တွေးတော စိတ်ကူးသမျှအာရုံတွေကို ဓမ္မာရုံဟူ၍ အသေအချာ မှတ်လေ။

**ရှင်းလင်းချက်**

၁။ မျက်စိဖြင့်မြင်လျှင် ရူပါရုံဖြစ်မည်။
၂။ နားဖြင့် ကြားလျှင် သဒ္ဒါရုံဖြစ်မည်။
၃။ နှာခေါင်းဖြင့် အနံ့ရလျှင် ဂန္ဓာရုံ ဖြစ်မည်။

၄။ လျှာဖြင့် လျက်မိလျှင် ရသာရုံဖြစ်မည်။
၅။ ကိုယ်ဖြင့်ထိလျှင် ဖောဋ္ဌဗ္ဗာရုံဖြစ်မည်။
၆။ ဓမ္မာရုံကိုကား မျက်စိမမြင် နားမကြား နှာခေါင်းဖြင့် အနံ့မရလျှင် လျှာမြင့် မလျက်မိ ကိုယ်ဖြင့် မထိဘဲ မနောဒွါရ၌သာ တွေးတော စိတ်ကူးသော အာရုံ ဟူသမျှသည် ဓမ္မာရုံမည်၏။ ရုပ်ကို တွေးတောလျှင် ရုပ်ဓမ္မာရုံ နာမ်ကို တွေးတောလျှင် နာမ်ဓမ္မာရုံ ပညတ်ကို တွေးတောလျှင် ပညတ်ဓမ္မာရုံ နိဗ္ဗာန်ကို အာရုံပြုလျှင် နိဗ္ဗာန်ဓမ္မာရုံမည်၏။

---

## စေတသိက်ပိုင်း

### သမ္ပယောဂအင်္ဂါလေးပါး

(၁) စိတ်နှင့် အဖြစ်တူခြင်း။ (၂)စိတ်နှင့်အချုပ်တူခြင်း။ (၃) စိတ်နှင့် အာရုံတူခြင်း။ (၄) စိတ်နှင့်မှီရာဝတ္ထုတူခြင်း။ "သမ္ပယောဂအင်္ဂါလေးပါး" ခေါ်သည်။

ဤအင်္ဂါလေးပါးနှင့် ညီစွာ စိတ်နှင့်ယှဉ်စပ် ဘက်တွဲ၍ ဖြစ်သော တရားစုကို "စေတသိက်" ဟု ဆိုသည်။

စိတ် ဆိုသည်ကား အာရုံကို အရယူမှု သက်သက်သာတည်း။ ထိုအရယူမှုကို မှီတွယ်၍ တွေ့ထိမှု ခံစားမှု မှတ်သားမှု စသည် ၅၂-မှုဖြစ်ရသည်။

(ဆောင်ပုဒ်ဟူသမျှ၌ ခရေပွင့်ပြထားသည်။)

၁။ * ဖြစ်၊ ပျက်၊ မှီ၊ အာ၊ တူလေးဖြာ၊ အင်္ဂါယှဉ်နိမိတ်။

စိတ်နှင့်ဖြစ်အတူ ပျက်အတူ မှီရာဒီအတူ အာရုံအတူ ဤအင်္ဂါလေးပါးသည် ယှဉ်မှု၌ သိမှတ်ရန် အကြောင်းနိမိတ်တည်း။

၂။ * စိတ်၌မှီတွယ်၊ စိတ်ကိုချယ်၊ ငါးဆယ်နှင့်ဒွိတ်၊ စေတသိက်။

စိတ်မှာ ဖြစ်ပွါး၍ စိတ်မှာမှီတွယ်၍ စိတ်ကို အဆန်းတကြယ် ချယ်လှယ်၍ နေကြသည့် ၅၂-ပါးသော တရားတို့ကို စေတသိက်ဟု ဆိုသည်။

၃။ * ဖဿ၊ ဝေ၊ သညာ၊ စေ၊ ဧ၊ ဇီ၊ မန၊ ဤသတ္တ၊ သဗ္ဗစိတ်တိုင်းဖြစ်။

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဤ၇ခုနစ်ပါးသော စေတသိက်တို့သည်စိတ်တိုင်းမှာ ယှဉ်သည်။ စိတ်အလုံးစုံတို့နှင့် ဆက်ဆံသောကြောင့် "သဗ္ဗစိတ္တသာဓာရဏ" စေတသိက် ခုနစ်ခုဆိုသည်။

၄။ * တွေ့၊ ခံ၊ မှတ်၊ ဆော်၊ တည်၊ သက်၊ မြော်၊ အဘော်ခုနစ်၊ စိတ်တိုင်းဖြစ်။

ဖဿကား အာရုံကို တွေ့ခြင်း အမှုတည်း။

ဝေဒနာကား အာရုံ၏ အရသာကိုခံစားခြင်းအမှုတည်း။

သညာကား အာရုံကို မှတ်ခြင်း အမှုတည်း။
စေတနာကား အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်း အမှုတည်း။
ဧကဂ္ဂတာကား အာရုံ၌ တည်ကြည်ခြင်း အမှုတည်း။
ဇီဝိတိန္ဒြေကား သမ္ပယုတ်တရားတို့၏အသက်ကိုစောင့်တည်း။ (စောင့်ရှောက်ခြင်းကိစ္စဟူလို)
မနသိကာရကား အာရုံကို မြော်ရှုခြင်း နှလုံးသွင်းခြင်း ကိစ္စတည်း။

၅။ * တက်, စာ, ဝီ, ပို၊ ဆန္ဒ, အဓိ၊ ပြွမ်းဘိပကိဏ်းခြောက်။

ဝိတက်, ဝိစာရ, ဝီရိယ, ပီတိ, ဆန္ဒ, အဓိမောက္ခ, ဤခြောက်ပါးသည် အချို့ အချို့သောစိတ်၌သာ ပြိုးပြွမ်းအားဖြင့်ယှဉ်တတ်သောကြောင့် ပကိဏ်းစေတသိက် ခေါ်သည်။

၆။ * ကောင်းဆိုးနှစ်တန်၊ ခပ်တိုင်းငန်၊ သမာန်အညတေရသ။

ဝိတက္က–ထွေထွေလာလာ ကြံဘန်ခြင်း၊ ဝိစာရ အာရုံ၌ တရစ်ဝဲဝဲရှိခြင်း၊ အဓိမောက္ခ–အာရုံ၌ ဆုံးဖြတ်ခြင်း၊ ဝီရိယ–အာရုံ၌ အားထုတ်ခြင်း၊ ပီတိ–အာရုံ၌ နှစ်သက်ခြင်း၊ ဆန္ဒ–အာရုံကို အလိုရှိခြင်း၊ မနသိကာရ– အာရုံကို မြော်ရှုခြင်း နှလုံးသွင်းခြင်း။

(ဆောင်ပုဒ်ဟူသမျှ၌ * ခရေပွင့်ပြထားသည်။)

၁။ * ဖြစ်, ပျက်, မှီ, အာ၊ တူလေးဖြာ၊ အင်္ဂါယှဉ်နိမိတ်။

စိတ်နှင့်ဖြစ်အတူ ပျက်အတူ မှီရာဒွါရတူ အာရုံအတူ ဤ အင်္ဂါလေးပါးသည် ယှဉ်မှု၌ သိမှတ်ရန် အကြောင်းနိမိတ်တည်း။

၂။ * စိတ်၌မှီတွယ်၊ စိတ်ကိုချယ်၊ ငါးဆယ်နှင့်ဒွိတ်၊ စေတသိက်။

စိတ်မှာ ဖြစ်ပွါး၍ စိတ်မှာမှီတွယ်၍ စိတ်ကို အဆန်း တကြယ် ချယ်လယ်၍ နေကြသည့် ၅၂-ပါးသော တရားတို့ ကို စေတသိက်ဟု ဆိုသည်။

၃။ * ဖဿ, ဝေ, သဉ်, စေ၊ ဧ, ဇီ, မန၊ ဤသတ္တ၊ သဗ္ဗစိတ် တိုင်းဖြစ်။

ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, ဤခုနစ်ပါးသော စေတသိက်တို့သည်စိတ်တိုင်း မှာ ယှဉ်သည်။ စိတ်အလုံးစုံတို့နှင့် ဆက်ဆံ သောကြောင့် "သဗ္ဗစိတ္တသာဓာရဏ" စေတသိက် ခုနစ်ခုဆိုသည်။

၄။ * တွေ့, ခံ, မှတ်, ဆော်၊ တည်, သက်, မြော်၊ အဘော် ခုနစ်၊ စိတ်တိုင်းဖြစ်။

ဖဿကား အာရုံကို တွေ့ခြင်း အမှုတည်း။

ဝေဒနာကား အာရုံ၏ အရသာကိုခံစားခြင်းအမှုတည်း။

သညာကား အာရုံကို မှတ်ခြင်း အမှုတည်း။
စေတနာကား အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်း အမှုတည်း။
ဧကဂ္ဂတာကား အာရုံ၌ တည်ကြည်ခြင်း အမှုတည်း။
ဇီဝိတိန္ဒြေကား သမ္ပယုတ်တရားတို့၏အသက်ကိုစောင့်တည်း။ (စောင့်ရှောက်ခြင်းကိုစောင့်ဟူလို)
မနသိကာရကား အာရုံကို မြော်ရှုခြင်း နှလုံးသွင်းခြင်းကိုစောင့်တည်း။

၅။ * တက်၊စာ၊ဝီ၊ပိ၊ဆန်၊အဓိ၊ပြွမ်းဘိပကိဏ်းခြောက်။

ဝိတက်၊ဝိစာရ၊ဝီရိယ၊ပီတိ၊ဆန္ဒ၊အဓိမောက္ခ၊ ဤခြောက်ပါးသည် အချို့အချို့သောစိတ်၌သာ ပြိုးပြွမ်းအားဖြင့်ယှဉ်တတ်သောကြောင့် ပကိဏ်းစေတသိက် ခေါ်သည်။

၆။ * ကောင်းဆိုးနှစ်တန်၊ ခပ်တိုင်းငန်၊သာမာန် အညတေရသ။

ဝိတက္က–ထွေထွေလာလာ ကြံဘန်ခြင်း၊ ဝိစာရ အာရုံ၌ တရစ်ဝဲဝဲရှိခြင်း၊ အဓိမောက္ခ–အာရုံ၌ ဆုံးဖြတ်ခြင်း၊ဝီရိယ–အာရုံ၌ အားထုတ်ခြင်း၊ ပီတိ–အာရုံ၌ နှစ်သက်ခြင်း၊ ဆန္ဒ–အာရုံကို အလိုရှိခြင်း၊ မနသိကာရ– အာရုံကို မြော်ရှုခြင်း နှလုံးသွင်းခြင်း။

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး၊ ပကိဏ်း စေ
တသိက် ၆-ပါး၊ ဤတဆဲ့သုံးပါးကို ခတ်တိုင်းငန်သောဆား
၏ပမာလို ကောင်းမှုမှာလည်း သူတို့ပါရှိမှ တွင်ကျယ် ပြီးစီး
နိုင်သည်။ မကောင်းမှုမှာလည်း သူတို့ပါရှိမှ တွင်ကျယ်ပြီးစီး
နိုင်သည်။ အရောရာတိုင်း၌ ပ၀င် ဆက်ဆံတတ်သောကြောင့်
အညသမာန်း စေတသိက်ဟု ခေါ်သည်။

အညသမာန်းစေတသိက် ၁၃-ပြီး၏။

---

**အကုသိုလ်စေတသိက် ၁၄-ပါး**

၇။ * မော, ဟိ, နောပ်, ဥဒ်၊ မောစတုက်။

၈။ * လော, မာန်, ဒိဋ္ဌိ၊ လောတြိ။

၉။ * ဒေါ, ဣဿ်, မစ်ကုက်၊ ဒေါစတုက်။

၁၀။ ထိ, မိဒ်, ဝိစိ၊ အုံးတြိ။

၁၁။ * ယုတ်မာညစ်ကြေး၊ မိုက်မဲမှေး၊ ဆဲ့လေး အကု
သိုလ်။

၁။ မောဟ။

၂။ အဟိရိက

၃။ အနောတ္တပ္ပ

၄။ ဥဒ္ဓစ္စ

ဤလေးပါးကို မောဟနှင့်မှတ်၍မောစတုက်ခေါ်ရမည်။

၁။ လောဘ၊

၂။ မာန၊

၃။ ဒိဋ္ဌိ၊

ဤတရား သုံးပါးကို လောဘနှင့်မှတ်၍ လောတြိုခေါ် ရမည်။

၁။ ဒေါသ၊

၂။ ဣဿာ၊

၃။ မစ္ဆရိယ၊

၄။ ကုက္ကုစ္စ၊

ဤလေးပါးကိုဒေါသနှင့်မှတ်၍ ဒေါစတုက်ခေါ်ရမည်။

၁။ ထိန၊

၂။ မိဒ္ဓ၊

၃။ ဝိစိကိစ္ဆာ၊

ဤကား အသုံးသုံးပါးတည်း။

မောဟ၊ အာရုံ၌ တွေဝေခြင်း။ အဟိရိက၊ မကောင်းမှုမှ မရှက်ခြင်း။ အနောတ္တပ္ပ၊ မကောင်းမှုမှ မလန့်ခြင်း။ ဥဒ္ဓစ္စ၊ စိတ်ပျံ့လွင့်ခြင်း။ လောဘ၊ အာရုံ၌ မက်မောခြင်း။ မာန၊ ထောင်လွှားခြင်း။ ဒိဋ္ဌိ၊ အမြင် မှောက်မှားခြင်း။ ဒေါသ၊ အမျက်ထွက်ခြင်း။ ဣဿာ၊ ငြူစူခြင်း။ မစ္ဆရိယ၊ ဝန်တိုခြင်း။ ကုက္ကုစ္စ၊ နှောင်တတတဘန် ပူပန်ခြင်း။ထိန၊ စိတ်၏ထိုင်းခြင်း။

မိဒ္ဓ၊ စေတသိက်ဘို့၏ မှိုင်းခြင်း။ ဝိစိကိစ္ဆာ၊ သို့လောသို့လော တွေးတောယုံမှားခြင်း။

အကုသိုလ်စေတသိက် ၁၄-ပြီး၏။

---

**သောဘဏသာဓာရဏစေတသိက် ၁၉-ပါးကား**

၁၂။ သဒ္ဓါ၊သတိ၊ဟိရိ၊ ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တတာ။

၁၃။ ပဿဒ္ဓိ၊လဟု၊ မုဒု၊ကမ္မည်၊ ပါဂုညင်နှင့်၊ ထိုပြင် ဥဇုက၊ ခြောက်ဗမ္မ၊ ကာယစိတ်နှင့်နှော။

အလောဘ, အဒေါသကို ဟိတ်နှစ်ရပ် ဆိုသည်။ သဒ္ဓါ, သတိ,ဟိရိ,ဩတ္တပ္ပ, အလောဘ,အဒေါသ, တတြမဇ္ဈတ္တတာ၊ ကုသိုလ်အရာ၌ စိတ်သဘော ညက်ညောမှုသည် တတြမဇ္ဈတ္တ တာတည်း။ကာယ, စိတ္တနှစ်ခုနှင့် ထိုဗမ္မခြောက်ပါးကို အစဉ် အတိုင်း သမာသ်ပုဒ်ဖြစ်အောင် နှောလေဟူလို။နှောပုံကား-

ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ။

ကာယလဟုတာ၊ စိတ္တလဟုတာ။

ကာယမုဒုတာ၊ စိတ္တမုဒုတာ။

ကာယကမ္မညတာ၊ စိတ္တကမ္မညတာ။

ကာယပါဂုညတာ၊ စိတ္တပါဂုညတာ။

ကာယုဇုကတာ၊ စိတ္တုဇုကတာ။

သဒ္ဒါ၊ ကောင်းမြတ်သော အာရုံ၌ ကြည်ခြင်း။ သတိ၊ ကောင်းမြတ်သောအာရုံ၌မမေ့မလျော့ခြင်း။ဟိရီ၊မကောင်းမှုမှ ရှက်ခြင်း။ ဩတ္တပ္ပ၊ မကောင်းမှုမှ ကြောက်ရွံ့ထိတ်လန့်ခြင်း။အလောဘ၊အာရုံ၌ မငြိမတွယ်ခြင်း။ အဒေါသ၊ အာရုံ၌ မကြမ်းထန်းခြင်း။ တတြမဇ္ဈတ္တတာ၊ အာရုံ၌ လျစ်လျူရှုခြင်း။ကာယပဿဒ္ဓိ၊ ကုသိုလ်မှု၌ ကိုယ်၏ ငြိမ်းခြင်း။ စိတ္တပဿဒ္ဓိ၊ကုသိုလ်မှု၌စိတ်၏ငြိမ်းခြင်း။ကာယလဟုတာ၊ကုသိုလ်မှု၌ကိုယ်၏ပေါ့ပါးခြင်း။ စိတ္တလဟုတာ၊ ကုသိုလ်မှု၌စိတ်၏ပေါ့ပါးခြင်း။ကာယမုဒုတာ၊ ကုသိုလ်မှု၌ ကိုယ်၏နူးညံ့ခြင်း။ စိတ္တမုဒုတာ၊ကုသိုလ်မှု၌စိတ်၏နူးညံ့ခြင်း။ ကာယကမ္မညတာ၊ ကုသိုလ်မှု၌ကိုယ်၏ခန့်ကျန်းခြင်း။စိတ္တကမ္မညတာ၊ကုသိုလ်မှု၌စိတ်၏ခန့်ကျန်းခြင်း။ ကာယပါဂုညတာ၊ ကုသိုလ်မှု၌ ကိုယ်၏ ကျင်လည် နပ်နေခြင်း။ စိတ္တပါဂုညတာ၊ ကုသိုလ်မှု၌ စိတ်၏ ကျင်လည်နပ်နေခြင်း။ကာယုဇုကတာ၊ ကုသိုလ်မှု၌ ကိုယ်၏ ဖြောင့်စင်းခြင်း။ စိတ္တုဇုကတာ၊ကုသိုလ်မှု၌ စိတ်၏ ဖြောင့်စင်းခြင်း။

သောဘဏသာဓာရဏ စေတသိက် ၁၉-ပြီး၏။

---

## ဝိရတီစေတသိက် ၃-ပါးကား

၁၄။ * ဝါစာ,ကမ္မန်၊ အာဇီဝ၊ သုံးတန်ဝိရတီ။

၁၅။ * သမာဒါန၊ သမ္ပတ္တ၊ ဆောဒသုံးသုံးလီ။

သမ္မာဝါစာ၊ ဝစီဒုစ္စရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်း။ သမ္မာကမ္မန္တ၊ ကာယဒုစ္စရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်း။သမ္မာအာဇီဝ၊ ယုတ်မာသောအသက်မွေးမှုမှ ရှောင်ကြဉ်ခြင်း။ ဝိရတီ စေတသိက်သုံးပါး။တပါးတပါးလျှင် သမာဒါနဝိရတီ သမ္ပတ္တဝိရတီ သမုစ္ဆေဒဝိရတီဟူ၍ သုံးပါး သုံးပါးစီ ရှိ၏။

သမာဒါန ဝိရတီဆိုသည်ကား သိက္ခာပုဒ်ကိုခံယူဆဲအခါ၌ရင်း ခံယူပြီး၍ အမှုပေါ်ရာ ကြဉ်ရှောင်သော အခါ၌ရင်း ဖြစ်သောဝိရတီကို သမာဒါနဝိရတီ ဆိုသည်။

သမ္ပတ္တဝိရတီ ဆိုသည်ကား-သိက္ခာပုဒ်ကို မခံယူဘဲနှင့်ပင် ဒုစ္စရိုက်အတွေ့ကိုကြဉ်သော ဝိရတီပေတည်း။

သမုစ္ဆေဒဝိရတီ ဆိုသည်ကား-ဒုစ္စရိုက်မှုတို့ကို နောင်ကြွင်း မထားဘဲ အမြစ်အရင်းနှင့် တကွ ပယ်ဖြတ်သော လောကုတ္တရာ ဝိရတီပေတည်း။

ဝိရတီစေတသိက် ၃-ပါးပြီး၏။

---

## အပ္ပမညာစေတသိက် ၂-ပါးကား

၁၆။ ကရု, မုဒိ၊ ဤနှစ်ခု၊ ခေါ်မှု-ပမညာ။

ကရုဏာ၊ ဒုက္ခိတသတ္တဝါတို့၌ သနားကြင်နာခြင်း။မုဒိတာ၊ သုခိတသတ္တဝါတို့၌ ဝမ်းမြောက် ဝမ်းသာခြင်း။ ဤ

နှစ်ပါးသည် အတိုင်းအရှည် မရှိသော သတ္တဝါပညတ်လျှင် အာရုံရှိသောကြောင့် အပ္ပမညာ စေတသိက်မည်၏။

အပ္ပမညာစေတသိက် ၂-ပါးပြီး၏။

---

၁၇။ အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာအမောဟ။

တတ်သိလိမ်မာ ကောင်းစွာမြော်မြင်နိုင်သော သဘော သည် ပညာလည်းမည်၏၊ ဉာဏ်လည်းမည်၏၊ ဝိဇ္ဇာလည်း မည်၏၊ အမောဟလည်းမည်၏၊ သမ္မာဒိဋ္ဌိလည်း မည်၏။

သောဘဏသာဓာရဏ စေတသိက် ၂၅-ပြီး၏။

---

အညသမာန်း စေတသိက် ၁၃။
အကုသိုလ် စေတသိက် ၁၄။
သောဘဏ သာဓာရဏ စေတသိက် ၁၉။
ဝိရတိ စေတသိက် ၃။
အပ္ပမညာ စေတသိက် ၂။
ပညာ စေတသိက် ၁။

ပေါင်း စေတသိက် ၅၂-ပါး။

ဤစေတသိက် ၅၂-ပါးသည် သဘောတရား တပါးစီ တပါးစီ မတူကွဲပြား ခြားနားသဖြင့် ၅၂-ပါး ဖြစ်နိုင်၏။ စိတ်မှာမူကား-အကျဉ်း ၈၉-ပါး အကျယ် တရာ့နှစ်ဆယ့်

တပါးပင်ဖြစ်သော်လည်း အာရုံကို သိတတ်သော သဘော တခုသာရှိခြင်းကြောင့် တခုတည်းယူလေ။ ပါဠိလို အာရမ္မဏ ဝိဇာနန မည်၏။

ရှင်းလင်းချက်–

၁။ မျက်စိအသိ၊ စက္ခုဝိညာဏ်။

၂။ နားအသိ၊ သောတဝိညာဏ်။

၃။ နှာခေါင်းအသိ၊ ဃာနဝိညာဏ်။

၄။ လျှာအသိ၊ ဇိဝှါဝိညာဏ်။

၅။ ကိုယ်အသိ၊ ကာယဝိညာဏ်။

၆။ နှလုံးအသိ၊ မနောဝိညာဏ်။

ခြောက်ပါးပင် ပြားသော်လည်း အာရုံကို သိခြင်းဟူ သောသဘောတခုသာရှိခြင်းကြောင့် တခုတည်းသာယူရမည် ယူလေ။ စေတသိက် ၅၂–ပါး၊စိတ်တပါး ပေါင်း ၅၃–ပါး ဖြစ်၏။၎င်းကို နာမ် ၅၃– ပါဠိလို နာမ် ဓမ္မ ပညာသ ခေါ် သည်။ ရုပ်နှစ်ဆဲ့ရှစ်ပါး၊ နာမ်ငါးဆဲ့သုံးပါးတို့ကို ရအောင် ကျက်ပြီး သဘောတရားများပါ သိကျွမ်းနားလည်ပါလျှင် ဉာဏ်မျက်စိ အမြင်မလင်းသော အန္ဓပုထုဇဉ်အဖြစ်မှ လွတ် ကင်း၍ဉာဏ်မျက်စိ အမြင်သန့်သော ကလျာဏပုထုဇဉ်အဖြစ် သို့ ဆိုက်ရောက်ရခြင်း၊တရားနာယူနိုင်သောအခွင့်ရေးရခြင်း၊ မြန်မာနိုင်ငံတွင်သာမက ဥရောပနိုင်ငံတလွှားသို့သာသ နာပြုလုပ်ငန်းဖြင့်ကျော်ကြားတော်မူသောကျေးဇူးတော်ရှင်

လယ်တီဆရာတော်မဟာထေရ်မြတ်ကြီး၏ ဒီပနီကျမ်းပေါင်း များစွာကို ဘတ်ရှု နားလည်လွယ်ခြင်း ဂသော အရာမကာ များလှစွာသော အကျိုးကျေးဇူးများကို ရရှိကြလိမ့်မည်၊

ငယ်ရွယ်စဉ်က အဘိဓမ္မတ္ထသင်္ဂဟကျမ်းများကိုသင်ကြား လေ့လာခြင်း မပြုဘူးသော ငါတို့၏ တကာ တကာမများ တောသူတောင်သားတို့အား ဤကလျာဏ အလင်းကျမ်းကို နှုတ်ဝယ်ရွရွ အလွတ်ရအောင် ကျက်မှတ် ထားကြစေလို ကြောင်း တိုက်တွန်းလိုက်သည်။

## ၃၉ရိုက်ဆယ်ပါးနှင့်သုစရိုက်ဆယ်ပါး

၁။ သူ့အသက်သတ်ခြင်း ပါဏာတိပါတ။

၂။ သူ့ဥစ္စာခိုးယူခြင်း အဒိန္နာဒါန။

၃။ သူ့သားမယားပြစ်မှားခြင်း ကာမေသုမိစ္ဆာစာရ။

ဤသုံးပါးသည် ကိုယ်ဖြင့် ပြုလုပ်မှု ဖြစ်ခြင်းကြောင့် ကာယကံမည်၏။

သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။

၁။ မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်း မုသာဝါဒ။

၂။ အချင်းချင်း ကွဲပြားအောင် ကုန်းချောစကား၊ပြော ခြင်း ပိသုဏဝါစာ။

၃။ ယုတ်မာ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း ဖရုဿဝါစာ။

၄။ အကျိုးမရှိ ပိန်ဖျင်း သေးသိမ်သောစကားကို ပြောဆိုခြင်း သမ္ဖပ္ပလာပဝါစာ။

ဤလေးပါးသည် နှုတ်ဖြင့် ပြောဆိုမှု ဖြစ်ခြင်းကြောင့် ဝစီကံမည်၏။

* မုသာမိတ်ခွဲ၊ ဆဲရေးပိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးသင်း ဝစီကံ။

၁။ သူတပါးစည်းစိမ်ကိုမိမိစည်းစိမ်ဖြစ်အောင် ကြံစည်ခြင်း အဘိဇ္ဈာ။

၂။ သူတပါးအသက်ဆုံးရှုံးအောင်ကြံစည်ခြင်းဗျာပါဒ။

၃။ မှားသောအယူကိုယူခြင်း မိစ္ဆာဒိဋ္ဌိ။

ဤသုံးပါးသည် စိတ်ဖြင့် ကြံစည်မှု ဖြစ်ခြင်းကြောင့် မနောကံမည်၏။

* သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွတ်စေ၊ အသေတောင်းတ၊ ပါပဒိဋ္ဌိ၊ အယူငြို၊ တြိမနောကံ။

ပေါင်း ဤဆယ်ပါးသည် အကုသလ ကမ္မပထတရားမည်၏။ ဒုစရိုက်ဆယ်ပါးလို့လည်း ခေါ်သည်။

၁။ ပေးကမ်းစွန့်ကြဲခြင်း ဒါန။

၂။ အကျင့်သီလ ဆောက်တည်ခြင်း သီလ။

၃။ ကမ္မဋ္ဌာန်းဘာဝနာ ပွါးများခြင်း ဘာဝနာ။

၄။ အသက်ကြီးသော ဂုဏ်ကြီးသော သူတို့ကို ရိုသေပူဇော်ခြင်း အပစာယန။

၅။ ရတနာသုံးပါးတို့နှင့် ဆိုင်သော ကိစ္စ၊ ကုသိုလ်ရေးနှင့်ဆိုင်သောကိစ္စတို့၌ ကြောင့်ကြစိုက်၍ ကူညီ ဆောင်ရွက်ခြင်း ဝေယျာဝစ္စ၊

၆။ မိမိကုသိုလ်အဘို့ကို သူတပါးတို့အား အမျှပေးဝေခြင်း ပတ္တိဒါန၊

၇။ သူတပါးပေးဝေသော ကုသိုလ်အဘို့ ကောင်းချီးပြု၍ သာဓုခေါ်ခြင်း ပတ္တာနုမောဒန၊

၈။ ရိုသေစွာ တရားနာခြင်း ဓမ္မဿဝန၊

၉။ ကောင်းစွာ တရားဟောခြင်း ဓမ္မဒေသနာ၊

၁၀။ ကံ, ကံ၏အကျိုးကို ယုံကြည်သဖြင့် အယူကိုဖြောင့်စွာယူခြင်း ဒိဋ္ဌိဇုကမ္မ၊

ဤဆယ်ပါးသည် ကုသိုလ်တရား ပွါးများ ကြောင်း ဖြစ်သောကြောင့် ကုသလကမ္မပထတရားမည်၏။

* ဒါ,သီ, အာ, ပူ၊ ကြောင့်ကြမှုနှင့်၊ အလှူဝေ၊ အမျှသာဓု၊ သူ့တရားနာ၊ သိရာပြောဆို၊ ကံကို ကိုးရိုး၊ ဆယ်မျိုးဝတ္ထု၊ ပုညမှု၊ သုခပွါးများရန်။

ဤကုသိုလ်ကံ ဆယ်ပါးကိုလည်း ကာယကံ ဝစီကံ မနောကံ ဟူ၍ သုံးပါးစီ ရွေးနည်းအတိုင်း ခွဲယူရမည်။ မယူတတ်သျှင် ဆရာကိုလျှောက်ထားပါ။

အကုသိုလ်ပြုရာ၌ (၁) ကိုယ်တိုင်ပြုခြင်း၊ (၂) သူတပါးကို စေခိုင်းခြင်း၊ (၃) သူတပါးပြုသည်ကို ချီးမွမ်းခြင်း၊ (၄) သူတပါးပြုသည်ကို စိတ်တူကိုယ်မျှ သဘောကျခြင်း။

ဤလေးပါးဖြင့် အကုသိုလ်ဆယ်ပါးကို မြှောက်ပွါးလျှင် လေးဆယ်ဖြစ်၏။ ကုသိုလ်လည်း ၎င်းနည်း လေးဆယ်ဖြစ်၏။

* ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊ ပွါးပြန်မူ၊ မှတ်ယူ လေးဆယ်က။

ရူပကုသိုလ်နှင့် အရူပကုသိုလ်တို့မှာ မနောကံသာ ဖြစ်၏။ မနောကံဟူ၍ ယူပါလေ။ ရအောင် ကျက်ထား၊ ရမှသာပဋ္ဌိစ္စသမုပ္ပါဒ်၌ သင်္ခါရနှင့် ကမ္မဘဝတို့ကို အလွယ်တကူနားလည်မည်။

ပဋိစ္စသမုပ္ပါဒ်ဝတ်အသင်းထူထောင်၍ ဝတ်တက်ဝတ်ကပ်ပြုလုပ်ကြသောအခါ အသံကောင်း အဆိုကောင်း အဖြတ်အတောက် သိနေသိထား သာယာနာပျော်ဘွယ် ကောင်းအောင် မှတ်ဆိုနိုင်သော ယုဝတီအမျိုးသမီး တယောက်က ရှေးဦးစွာရွတ်ဆိုရန်–

## ပဋိစ္စသမုပ္ပါဒ် အမွှန်း

ဒွိပဒုတ္တမ၊ အနုတ္တရမာရဇိန်၊ သာကီန်သင်းကျစ်၊ မမြှာစ်မြန်ကင်း၊ လူခပင်းတို့၏ ကိုးကွယ်ရာ၊ နတ်တကာတို့၏ဦးစီး၊ ဗြဟ္မာမင်းကြီးတို့၏ခိုကိုးရာ၊ သုံးတိုက်လုံးမှန်ကူ၊ သယမ္ဘူထွတ်

ထား၊ရှင်တော်မြတ်ဘုရားသည်၊ချစ်ညီဘွားအာနန္ဒာကို၊ရှေး ဦးစွာအစထား၍၊ များပြားသော ဝေနေယျာတို့အား၊ ဒေသနာတည်ခင်းလျက်၊ မိန့်ခွန်းတော်လင်းခဲ့သည်မှာ“မြင်းရာနှစ်ဆယ်၊ သုံးသွယ်အစပ်၊ လေးရပ်အလှ၊ သုံးပြာဝဋ္ဋစစ်၊ နှစ်ပါးသောမူလအမြစ်တို့ဖြင့်၊ဖွဲ့ရစ်ပေါင်းစပ်၊နာမ်ခေတ်ရုပ်တုံး၊' ပဋိစ္စသမုပ္ပါဒ်ဖြတ်တုံးကို၊ သုံးပါးသော ပရိညာဖြင့်၊ ကောင်းစွာထင်လင်း၊ မသိမမြင်ကြခြင်းကြောင့်၊ ဖျင်းလှသော ယက်ကန်းသည်အမိုက်တို့၏၊ ကြွက်ကိုက်သောချည်ခင်ထွေးပမာ၊ လွန်စွာပွေလိမ်သည့်၊စာဗူးအိမ်အသွင်၊ပတောင်ပင်မြက်ဆွေး၊ ပြိန်းမြက်ဆွေးတို့ကဲ့သို့၊ အရှုပ်ထွေးကြီး ရှုပ်ထွေးနေကြသော၊ များလှ သောင်းသောင်း၊ သတ္တဝါဟူသမျှအပေါင်းတို့သည်၊ ချောင်းယမား ရေစော့တိုက်သဖြင့်၊ ကတိုက်ကရိုက်မြောရသည့်၊ ဒိုက်သရောအနေ၊ လေပွေ လှင့်မြောက်သောသစ်ရွက်ခြောက်ဥပမာကဲ့သို့၊ဘရမ်းဘတာလူးလာပတ်ရစ်၊ တဖြစ်ထဲဖြစ်၍နေကြသည့်သံသရာခရီးခဲ ဝဲသြဃဂရက်ထဲမှ မလွတ်မြောက်နိုင်ဘဲ ရှိနေကြရလေကုန်၏” - ဟူသောအဓိပ္ပါယ်ရပ်ဖြင့်။ ။တေဿ အာနန္ဒ ဓမ္မဿ အညာဏာ အစပြသော ဒေသနာတော် ပါဠိပုဒ်ကို မိန့်ထုတ် ဟောကြားတော်မူခဲ့လေသတည်း။

ဤသို့လျှင်သဗ္ဗညုရှင်တော်မြတ်ဘုရားဟောကြားမိန့်မြွက်တော်မူအပ်သည်ကို ကြည်ညိုသမူ အလေးအမြတ် ပြုကြကုန်

ပြီးလျှင် သုဇန်ဂိုဏ်းဝင် သူတော်စင်အများ အကျွန်ုပ်တို့ဝတ် အသင်းသား အသင်းသူတစုတို့သည် ကုသလအာရုံ သောမ နသ်ဇောထုံလျက် သုံးဘုံနယ် ဝဋ္ဋတွင်းမှ လွတ်ကင်း ထွက် မြောက်၍ နိဗ္ဗာန်ရောက် အကျိုးများကြစေခြင်းငှါ မြတ် ဘုရား ဟောမြွက်သည့်သုတ်တော်ထွက်ထင်ရှား ပဋိစ္စသမုပ္ပါဒ် တရားကို ပိုင်းခြားခါ ဆင်ခြင်လျက် ထင်မြင်အောင် မှတ် သား၍ ရွတ်ပွား သရဇ္ဈာယ်ကြပါကုန်အံ့သတည်း။

## ပဋိစ္စသမုပ္ပါဒ် အနုလောမပါဠိတော်

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယ တနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါ ဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝ လဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊

အဝိဇ္ဇာပစ္စယာ၊အဟုတ်အမှန်ကိုမသိမမြင်မထင်မလင်းမှု ဟူသော အကြောင်းတရားထင်ရှားရှိနေခြင်းကြောင့်။သင်္ခါ ရာ၊ပစ္စုပ္ပန်အမှုသံသရာအမှုတို့ကိုပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါးကုန်၏။ သင်္ခါရ

ပစ္စယာ၊ ပစ္စုပ္ပန်အမှုသံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရတရား ထင်ရှား ရှိနေခြင်းကြောင့်။ ဝိညာဏံ၊ ဘဝသစ်၌ဝိညာဏ်သစ်ဖြစ်ပေါ်မှုသည်။ သမ္ဘဝတိ၊ဖြစ်ပွါး၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်သစ် ဖြစ်ပေါ်မှုကြောင့်။ နာမရူပံ၊ နာမ်အစု ရုပ်အစုသည်။ သမ္ဘဝတိ၊ဖြစ်ပွါး၏။နာမရူပပစ္စယာ၊ နာမ်အစုရုပ်အစုဖြစ်ပွါးမှုကြောင့်။သဠာယတနံ၊ဒွါရခြောက်မည် အကြည်ခြောက်ပါး သဠာယတနတရားစုသည်။ သမ္ဘဝတိ၊ဖြစ်ပွါး၏။သဠာယတနပစ္စယာ၊ဒွါရခြောက်မည်အကြည်ခြောက်ပါး ထင်ရှားရှိနေမှုကြောင့်။ ဖဿော၊ အာရုံကို တွေ့မှုဟူသော ဖဿခြောက်ပါးသည်။သမ္ဘဝတိ၊ဖြစ်ပွါး၏။ ဖဿပစ္စယာ၊ ဖဿခြောက်ပါး ထင်ရှားရှိနေမှုကြောင့်။ ဝေဒနာ၊ အာရုံကို ခံစားမှုဟူသော ဝေဒနာခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်ပွါး၏။ ဝေဒနာပစ္စယာ၊ ဝေဒနာခြောက်ပါး ထင်ရှားရှိနေမှုကြောင့်။ တဏှာ၊ဝတ္ထုအာရုံ ကာမဂုဏ်ကို ခင်မင်တွယ်တာသာယာကပ်ငြိတတ်သောတဏှာခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်ပွါး၏။ တဏှာပစ္စယာ၊ တဏှာ ခြောက်ပါး ထင်ရှားရှိနေမှုကြောင့်။ ဥပါဒါနံ၊မလွတ်နိုင် မခွါနိုင် ပိုင်ပိုင်စေးချွဲ အမြဲတွယ်သောဥပါဒါန်သည်။ သမ္ဘဝတိ၊ဖြစ်ပွါး၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တရား ထင်ရှား ရှိနေမှုကြောင့်။ ဘဝေါ၊ လောကစီးပွါး သံသရာစီးပွါး ဟူသော ကံတရား ဝိပါက်တရားအစုသည်။ သမ္ဘဝတိ၊ ဖြစ်ပွါး၏။ ဘဝပစ္စယာ

ပစ္စုပ္ပန်စိုးပွါးမှု သံသရာစီးပွါးမှုတင်ရှားရှိနေခြင်းကြောင့်။ ဇာတိ၊ အဘန်ဘန် ပဋိသန္ဓေနေရခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်ပွါး၏။ ဇာတိပစ္စယာ၊ ပဋိသန္ဓေနေမှု တင်ရှားရှိနေခြင်းကြောင့်။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ အဘန်ဘန်အိုမင်း ရင့်ဆွေးမှု သေဆုံးမှု စိုးရိမ်ပူဆွေးမှု ငိုကြွေးမြည်တမ်းမှု ပင်ပန်းဆင်းရဲမှု နှလုံးမသာယာမှု သက်ကြီးရှိုက်ငင် ပင်ပန်းမှုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပွါးကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သုခမဘက် သက်သက်သော။ ဧတဿဒုက္ခက္ခန္ဓဿ၊ ဤဒုက္ခအစု၏။ သမုဒယော၊ ဖြစ်ပွါးခြင်းသည်။ ဟောတိ၊ ဖြစ်၏။

## ပဋိစ္စသမုပ္ပါဒ်-ပဋိလောမပါဠိတော်

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿု

ပါယာသာ နိရုဇ္ဈန္တိ။ ဝေမေတာသာ ကေ-သာသာ ဒုက္ခက္ခန္ဓသာ နိရောဓော ဟောတိ၊

အဝိဇ္ဇာယတွေဝ၊ အဝိဇ္ဇာ၏သာလျှင်။ အသေသဝိရာဂ နိရောဓာ၊ ဝိရာဂတည်းဟူသော ဝိဇ္ဇာဉာဏ်ဖြင့် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကြောင့်။ သင်္ခါရနိရောဓော၊ အကုသိုလ်ကံ ကုသိုလ်ကံဟုဆိုအပ်သော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သင်္ခါရနိရောဓာ၊ အကုသိုလ်ကံ ကုသိုလ်ကံဟူသော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဝိညာဏနိရောဓော၊ ဘဝသစ်ဝိညာဏ်၏မပေါ်အလျှင်းချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏနိရောဓာ၊ ဘဝသစ် ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းကြောင့်။ နာမရူပနိရောဓော၊ နာမ်ရုပ်၏ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ နာမရူပနိရောဓာ၊ နာမ်ရုပ်၏ ချုပ်ငြိမ်းခြင်းကြောင့်။ သဠာယတနနိရောဓော၊ သဠာယတန၏ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သဠာယတနနိရောဓာ၊ သဠာယတန၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဖဿနိရောဓော၊ ဖဿ ၆-ပါး၏ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဖဿနိရောဓာ၊ ဖဿ၆-ပါး၏ချုပ်ငြိမ်းခြင်းကြောင့်။ ဝေဒနာနိရောဓော၊ ဝေဒနာ ၆-ပါး၏ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာနိရောဓာ၊ ဝေဒနာ ၆-ပါး၏ချုပ်ငြိမ်းခြင်းကြောင့်။ တဏှာနိရောဓော၊ တဏှာ ၆-ပါး၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာနိရောဓာ၊ တဏှာ၆ ပါး၏ ချုပ်ငြိမ်း

ခြင်းကြောင့်။ဥပါဒါနနိရောဓော၊ ဥပါဒါန် ၄-ပါး၏ချုပ်ငြိမ်းခြင်းသည်။ဟောတိ၊ဖြစ်၏။ဥပါဒါနနိရောဓာ။ဥပါဒါန် ၄-ပါး၏ချုပ်ငြိမ်းခြင်းကြောင့်။ ဘဝနိရောဓော၊ ကမ္မဘဝ ဥပပတ္တိဘဝတို့၏ ချုပ်ငြိမ်းခြင်းသည်။ဟောတိ၊ဖြစ်၏။ ဘဝနိရောဓာ၊ဘဝနှစ်ပါးတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဇာတိနိရောဓော၊ဇာတိ၏ချုပ်ငြိမ်းခြင်းသည်။ ဟောတိ ၊ဖြစ်၏။ ဇာတိနိရောဓာ၊ဇာတိ၏ချုပ်ငြိမ်းခြင်းကြောင့်။ဇရာ မရဏ သောက ပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ အိုခြင်း သေခြင်း စိုးရိမ်ခြင်းငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း သက်ကြီးရှိုက်ငင်ပင်ပန်းခြင်းတို့သည်။နိရုဇ္ဈန္တိ၊ချုပ်ငြိမ်းကုန်၏။ဧဝံ၊ဤသို့။ ကေဝလဿ၊ အလုံးစုံသော။ဧတဿဒုက္ခက္ခန္ဓဿ၊ထိုဆင်းရဲအစု၏။ နိရောဓော၊ချုပ်ငြိမ်းခြင်းသည်။ဟောတိ၊ဖြစ်၏။

## ပဋိစ္စသမုပ္ပါဒ် အမေး-အဖြေ

မေး- အဘယ်သဘောကိုပဋိစ္စသမုပ္ပါဒ်ခေါ်ဆိုပါသနည်း။

ဖြေ- အကြောင်းကို အစွဲပြု၍ ဖြစ်ပွါးသောအကျိုးတရားကို ပဋိစ္စသမုပ္ပါဒ် ခေါ်ဆိုပါသည်။

မေး- ထိုပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါထိုက်သော တရားကာအဘယ်မျှ ရှိပါသနည်း။

ဖြေ- ထိုပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါထိုက်သော တရားကာ တဆဲ့နှစ်ပါး ရှိပါသည်။

မေး- တဆဲ့နှစ်ပါးဟူသည် အဘယ်နည်း။

ဖြေ- (၁)အဝိဇ္ဇာတပါး၊(၂)သင်္ခါရတပါး၊(၃)ဝိညာဏ်တပါး၊ (၄)နာမ်ရုပ်တပါး၊ (၅)သဠာယတနတပါး၊(၆)ဖဿတပါး၊ (၇)ဝေဒနာတပါး၊ (၈)တဏှာတပါး၊(၉)ဥပါဒါန်တပါး၊ (၁၀)ဘဝတပါး၊ (၁၁)ဇာတိတပါး၊ (၁၂)ဇရာမရဏတပါး၊ အင်္ဂါတဆဲ့နှစ်ပါး ဖြစ်ပါသည်။

မေး- ထိုအင်္ဂါ တဆဲ့နှစ်ပါး တို့တွင် အဘယ် တရားကို အဝိဇ္ဇာ ဆိုပါသနည်း။

ဖြေ- မသိမိုက်မှားသည့် မောဟတရားကို အဝိဇ္ဇာ ဆိုပါသည်။ အချုပ်သဘော အားဖြင့် သစ္စာလေးတန် တရားမှန်ကို ကေန်မသိ မမြင်နိုင်ခဲ့အောင် သတ္တဝါတို့၏ စိတ်မှာ မှောင်ကြီးချ၍ ထားတတ်သော မောဟကို အဝိဇ္ဇာဟု ခေါ်ပါသည်။

* မိုက်မဲစွာလှ၊ မှောင်ကြီးချ၊ မောဟအဝိဇ္ဇာ။

မေး- အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဟူ၍ ဟောတော်မူရာဝယ် အဘယ်တရားကို သင်္ခါရဟူ၍ ကောက်ယူပါသနည်း။

ဖြေ- ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးဟု ဆိုအပ်သော အကုသိုလ်ကံ စေတနာ ၁၂၊ လောကီကုသိုလ် စေတနာ ၁၇-ပါးကို သင်္ခါရဟူ၍ ကောက်ယူရပါသည်။

အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ထွေ၊ စေတနာဓမ္မ၊ ကံ သုံးဝ၊ မှတ်ကြသင်္ခါရာ။

**မေး–** ထိုသင်္ခါရသည် ဘယ်လိုများ ပြားပါသေး သနည်း ခြားနားစွာ ဖော်ပြပါ။

**ဖြေ–** ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္စာဘိ သင်္ခါရအားဖြင့် သင်္ခါရသုံးပါး အပြားရှိပါသည်။ မဟာကုသိုလ် စေတနာ ရှစ်ခု ရူပါဝစရ ကုသိုလ် စေတနာ ငါးခုတို့ကို ပုညာဘိသင်္ခါရ ခေါ်ပါသည်။ အကုသိုလ်စေတနာ တဆဲ့နှစ်ခုကို အပုညာဘိသင်္ခါရ ခေါ်ပါသည်။

အရူပါဝစရ ကုသိုလ်စေတနာ လေးခုကို အနေဉ္စာဘိ သင်္ခါရ ခေါ်ပါသည်။

* ပုညာ ပုည၊ အာနေဉ္စ၊ သုံးဝခွဲစိတ်ဖြာ။

**မေး–** သင်္ခါရပစ္စယာ ဝိညာဏံ၊ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်သည် ဟူ၍ ဟောတော်မူရာဝယ်ဝိညာဏ်အပြား ကို ထင်ရှားစွာ ဖော်ပြပါ။

**ဖြေ–** ဝိညာဏ်သည်ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ်အား ဖြင့် နှစ်ပါးရှိသည်။ ပဋိသန္ဓေဝိပါက် တဆဲ့ကိုးခုကို ပဋိသန္ဓေဝိညာဏ်ခေါ်ပါသည်။ ပဝတ္တိအခါလောကီ ဝိပါက် သုံးဆဲ့နှစ်ခုကို ပဝတ္တိဝိညာဏ် ခေါ်ပါသည်။

* သန္ဓိပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက်ဝိညာဏာ။

မေး- ဝိညာဏပစ္စယာ နာမရူပံ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဟူ၍ ဟောတော်မူရာဝယ် ဘယ်တရားစုကို နာမ်ခေါ်၍ ဘယ်တရားစုကို ရုပ်ခေါ်ပါသနည်း။

ဖြေ- လောကီဝိပါက် သုံးဆဲ့နှစ်ခု၌ ယှဉ်သော စေတသိက် သုံးဆဲ့ငါးခုကို နာမ်ခေါ်ပါသည်။ ကမ္မဇရုပ်နှစ်ဆယ်ကို ရုပ်ခေါ်ပါသည်။

* စေတသိက်မူ၊ နာမ်ဟုယူ၊ ရုပ်မူကမ္မဇာ။

မေး- ထိုရုပ်နာမ်များသည် ဘယ်လို ပြားပါသေးသနည်း။

ဖြေ- ထိုရုပ်နာမ်များသည် ပဋိသန္ဓေနာမ် ပဝတ္တိနာမ် ပဋိသန္ဓေရုပ် ပဝတ္တိရုပ်အားဖြင့် နှစ်ပါးစီ ပြားပါသေးသည်။ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်၌ ယှဉ်သော စေတသိက်များကို ပဋိသန္ဓေနာမ် ခေါ်ပါသည်။ ပဝတ္တိအခါ လောကီစိတ် သုံးဆဲ့နှစ်ခု၌ ယှဉ်သော စေတသိက်များကို ပဝတ္တိနာမ် ခေါ်ပါသည်။ ပဋိသန္ဓေအခိုက်မှာဖြစ်သော ကမ္မဇရုပ်များကို ပဋိသန္ဓေရုပ် ခေါ်ပါသည်။ ပဝတ္တိအခါ၌ ဖြစ်သောကမ္မဇရုပ်များကို ပဝတ္တိရုပ် ခေါ်ပါသည်။

* ဝိညာဏ်နည်းတူ၊ နှစ်မျိုးယူ၊ အတူယှဉ်မကွာ။

မှတ်ထားချက်။ ။ကမ္မဇရုပ် နှစ်ဆယ်ဆိုသည် ကား ကမ္မဇရုပ် အဆဲ့ရှစ်ပါးတွင် ဥပစယနှင့် သန္တတိနှစ်ပါးကို

ထည့်၍ ဆိုရသည်။ ဥပစာယနှင့်သန္တတိနှစ်ပါးကို စတုဇရုပ်ဟူ၍ အဋ္ဌကထာ၌ ဆိုသည်။

မေး- နာမရူပပစ္စယာ သဠာယတနံ၊ နာမ်ရုပ်ကြောင့်သဠာယတန ဖြစ်သည်ဟူ၍ ဟောတော်မူရာဝယ် ဘယ်တရားများကို သဠာယတန ခေါ်ပါသနည်း။

ဖြေ- စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန မနာယတန အားဖြင့် ဤအဇ္ဈတ္တိကာယတန ခြောက်ပါးကို သဠာယတန ခေါ်ပါသည်။ ဤအရာဝယ် လောကီဝိပါက် ဗာတ္တိံသ သုံးဆဲ့နှစ်ပါးကို မနာယတနဟူ၍ ကောက်ယူရပါသည်။

သဠာယတန၊ ခြောက်ဒွါရ၊ မနဝိပါက်သာ။

မေး- သဠာယတနပစ္စယာ ဖဿော၊ဖဿပစ္စယာ ဝေဒနာ။ သဠာယတနကြောင့် ဖဿဖြစ်သည်၊ ဖဿကြောင့် ဝေဒနာဖြစ်သည် ဟူ၍ ဟောတော်မူရာဝယ် ဖဿ အရ ဝေဒနာအရကို သရုပ်ကောက်ပြပါ။

ဖြေ- စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ကာယသမ္ဖဿ၊မနောသမ္ဖဿ အားဖြင့် ဖဿ ခြောက်ပါး ရှိပါသည်။ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒ

နာ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ အားဖြင့် ဝေဒနာ ခြောက်ပါး ရှိပါသည်။

* ဝိညာဏ်ခြောက်ဝ၊ ယှဉ်တုံကြ၊ ဖဿဝေဒနာ။

မေး- ဝေဒနာပစ္စယာ တဏှာ၊ ဝေဒနာကြောင့် တဏှာ ဖြစ်သည်ဟု ဟောတော်မူရာဝယ် တဏှာအရကို ကောက်၍ပြပါ။

ဖြေ- ရူပါရုံ၌သာယာသော ရူပတဏှာ၊ သဒ္ဒါရုံ၌ သာယာသော သဒ္ဒတဏှာ၊ ဂန္ဓာရုံ၌ သာယာသော ဂန္ဓတဏှာ၊ ရသာရုံ၌သာယာသော ရသတဏှာ၊ ဖောဋ္ဌဗ္ဗာရုံ၌ သာယာသောဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မာရုံ၌သာယာသော ဓမ္မတဏှာ ဤသို့အားဖြင့် တဏှာခြောက်ပါး ရှိသည်။

* ခြောက်ပါးအာရုံ၊ သာယာတုံ၊ ခြောက်စုံညစ်တဏှာ။

မေး- တဏှာပစ္စယာ ဥပါဒါနံ၊ တဏှာကြောင့် ဥပါဒါန် ဖြစ်သည်ဟု ဟောတော်မူရာဝယ်ဥပါဒါန်၏ သရုပ်ကို ဘော်ထုတ်၍ ပြပါ။

ဖြေ- ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်အားဖြင့် ဖွဲ့လမ်းတတ်သော ဥပါဒါန် တရား လေးပါးရှိပါသည်။

* ကာမ,ဒိဋ္ဌိ၊သီလဗ္ဗတ၊ အတ္တစွဲသန်၊ ဥပါဒါန်၊လေး တန်သရုပ်ဖြာ။

မေး- ဥပါဒါနပစ္စယာ ဘဝေါ၊ ဥပါဒါန်ကြောင့် ဘဝဖြစ် သည် ဟူ၍ ဟောတော်မူရာဝယ် ဘဝ၏ အပြားကို ထင်ရှားစွာ ဖော်ပြပါ။

ဖြေ- ဘဝသည် ကမ္မဘဝ ဥပပတ္တိဘဝအားဖြင့် နှစ်ပါးရှိ ပါသည်။ ကမ္မပထမြောက်သော သုစရိုက်ဆယ်ပါး ဒုစရိုက် ဆယ်ပါးတို့ကို ကမ္မဘဝ ခေါ်ပါသည်။ ပဋိသန္ဓိပဝတ္တိ နှစ်ပါးစုံဖြစ်သော လောကီ ဝိပါက် နာမက္ခန္ဓာလေးပါး ကမ္မဇရုပ် နှစ်ဆယ်ဟု ဆိုအပ် သော ကဋတ္တာရုပ်များကိုဥပပတ္တိဘဝခေါ်ပါသည်။

* ကုသလာကုသလ၊ကမ္မပထံ၊ဤနှစ်တန်၊ကမ္မဘဝသာ။

* ဝိပါက်ခန္ဓာ၊ကဋတ္တာဟု၊ ရုပ်နာမ်စု၊ဥပပတ္တိသာ။

မေး- ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏာဒိ၊ ဘဝကြောင့် ဇာတိ၊ဇာတိကြောင့် ဇရာမရဏ စသည် ဖြစ်၏ ဟူ၍ ဟောတော်မူရာဝယ် ဇာတိဇရာ မရဏ တို့၏ သဘောကို ဖော်ပြပါ။

ဖြေ- ထိုထိုဘဝတို့၌ ဥပပတ္တိဘဝ ခန္ဓာတို့၏ ဖြစ်ပေါ်မှုကို ဇာတိ ခေါ်ပါသည်။ ထိုခန္ဓာတို့၏ ရင့်ရော် အိုမင်း မှုကို ဇရာခေါ်ပါသည်။ပျက်ဆုံး စုတေမှုကို မရဏ ခေါ်ပါသည်။

ဖြစ်မှု ရင့်မှု၊ ပျက်ဆုံးမှု၊ ဥပပတ္တိမှာ။

**မေး** ဤပဋိစ္စသမုပ္ပါဒ် အရာ၌ အင်္ဂါတဆဲ့နှစ်ပါး၊ ကာလသုံးပါး၊ အစပ်သုံးပါး၊ အလွှာလေးပါး၊ ဝဋ္ဋသုံးပါး၊ မူလနှစ်ပါးတို့ကို အစဉ်အတိုင်းဖော်ပြပါ။

**ဖြေ**—

| | |
|---|---|
| ၁။ အဝိဇ္ဇာ၊ | ၇။ ဝေဒနာ၊ |
| ၂။ သင်္ခါရ၊ | ၈။ တဏှာ၊ |
| ၃။ ဝိညာဏ်၊ | ၉။ ဥပါဒါန်၊ |
| ၄။ နာမ်ရုပ် | ၁၀။ ဘဝ၊ |
| ၅။ သဠာယတန | ၁၁။ ဇာတိ၊ |
| ၆။ ဖဿ၊ | ၁၂။ ဇရာမရဏ |

အားဖြင့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တဆဲ့နှစ်ပါးရှိပါသည်။

၁။ အတိတ်

၂။ ပစ္စုပ္ပန်

၃။ အနာဂတ်

အားဖြင့် ကာလသုံးပါး ရှိပါရှိသည်။

အင်္ဂါ တဆဲ့နှစ်ပါးတို့တွင်—

၁။ အဝိဇ္ဇာ

၂။ သင်္ခါရ

နှစ်ပါးတို့ကို အတိတ်တရားစု ခေါ်ပါသည်။

၁။ ဝိညာဏ်
၂။ နာမ်ရုပ်
၃။ သဠာယတန
၄။ ဖဿ
၅။ ဝေဒနာ
၆။ တဏှာ
၇။ ဥပါဒါန်
၈။ ဘဝ

ဤရှစ်ပါးတို့ကို ပစ္စုပ္ပန်တရားစု ခေါ်ပါသည်။

၁။ ဇာတိ

၂။ ဇရာမရဏ

ဤနှစ်ပါးကို အနာဂတ်တရားစု ခေါ်ပါသည်။

## ဟေတုဖလအစပ်

သင်္ခါရနှင့် ဝိညာဏ်အကြားမှာ အကြောင်း အကျိုးစပ်သော ဟေတုဖလ အစပ်တခု။

## ဖလဟေတုအစပ်

ဝေဒနာနှင့် တဏှာအကြားမှာ အကျိုးအကြောင်း စပ်သော ဖလဟေတု အစပ်တခု။

## ဟေတုဖလ ၃ စပ်

ဘဝနှင့် ဇာတိအကြားမှာ အကြောင်းအကျိုးစပ်သော ဟေတုဖလအစပ်တခု။

ဤသို့အားဖြင့် အစပ်သုံးပါး ဖြစ်ပါသည်။

အဝိဇ္ဇာနှင့် သင်္ခါရကို အတိတ်အကြောင်း အလှာတခု ခေါ်ပါသည်။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့ကို ပစ္စုပ္ပန်အကျိုးလှာတခု ခေါ်ပါသည်။

တဏှာ ဥပါဒါန် ဘဝတို့ကို ပစ္စုပ္ပန်အကြောင်းအလှာ တခု ခေါ်ပါသည်။

ဇာတိ ဇရာ မရဏတို့ကို အနာဂတ်အကျိုး အလှာတခု ခေါ်ပါသည်။ ဤသို့အားဖြင့် အလှာလေးပါးရှိပါသည်။

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် အားဖြင့် ဝဋ်သုံးပါး ရှိပါသည်။

အဝိဇ္ဇာ တဏှာ ဥပါဒါန် တို့ကို ကိလေသဝဋ် ခေါ်ပါ သည်။ သင်္ခါရ ကမ္မဘဝတို့ကို ကမ္မဝဋ် ခေါ်ပါသည်။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဥပပတ္တိ ဘဝ ဇာတိဇရာ မရဏတို့ကို ဝိပါကဝဋ် ခေါ်ပါသည်။

* အင်္ဂါဆဲ့နှစ်၊ သုံးဆစ်ကာလ၊ သုံးဝအစပ်၊ လေးရပ် အလှာ၊ ဝဋ်သုံးဖြာ၊ မှတ်ပါမူလ ဒွေး။

မုံရွာမြို့ ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီးသည်
သက္ကရာဇ် ၁၂၅၇–ခုနှစ် တပို့တွဲလအတွင်း မဇ္ဈိမဒေသ
မဟာဗောဓိသို့ ဖူးမျှော်သွားရာ မန္တလေးမြို့မှ
ရန်ကုန်မြို့သို့အထွက် စာပို့မီးရထားထက်တွင်
ရေးသားတော်မူသော

## ပဋိစ္စသမုပ္ပါဒ်လင်္ကာ တဆဲ့သုံးပုဒ်

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ

၁။ ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်းပတ်သည်၊ နတ်ဝိသုဒ္ဓိ၊ တုမရှိအား၊ ကြိဒ္ဒွါရ၊ ရှိဦးခလျက်၊ ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည်၊ ရထားသံသရာ၊ ယာဉ်စကြာ၏၊ ခြင်းရာထုပ္ပတ်၊ သမုပ္ပါဒ်ကို၊ အတတ်သိရန်၊ နိဒါန်းပြန်ပိမ့်၊ အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်၊ ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည်၊ ပါယ်လမ်းဗီဇ၊ အပုညနှင့်၊ ဘဝနောင်ခါ၊ သံသရာ၌၊ လူ့ရွာနတ်ငြမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိလျက်၊ ဂတိနောင်ကို၊ ကောင်းစေလို၍၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတံ့ငြားက၊ ဆယ်ပါးပုည၊ အာနေဉ္ဇဟု၊ ဘဝနှိုးရင်း၊ ပွါးတုံ့လျှင်းသည်။ ။ဝဋ္ဋခင်းဝဋ္ဋနွယ် ရှည်သတည်း။

## သင်္ခါရ ပစ္စယာ ဝိညာဏံ

၂။ ဝဋ္ဋခင်းဝဋ္ဋနွယ်၊ ရှည်ကြောင်းရွယ်သား၊ ဆယ်ပြာ ပုညာ၊ အပုညနှင့်၊ ဘဝနှီးရင်း၊ ပွါးတုံလျှင်းသော်၊ လေးသင်း ပါယ်ရွာ၊ အဖြာဖြာလျှင်၊ ဗြဟ္မာလူနတ်၊ ဘုံသုံးရပ်၌၊ ခေတ်ပခေန၊ ပြခန်းလှသား၊ ဒွါရသခင်၊ ခြောက်ဝိညာဉ်ဟု၊ အရှင်ခေတ်မင်း၊ ပေါ်တုံလျှင်း၍၊ ကိုယ်တွင်း ကိုယ်ပြင်၊ ထွက်ဝင်တံခါး၊ အင်ခြောက်ပါး၌၊ အများရုပ်နာမ်၊ အတန် တန်လျှင်၊ ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်၊ ထက်မြက်တေဇာ၊ သူ့ ရှိန်ဝါကြောင့်၊ ငါငါသူသူ၊ လူဘဲနတ်ဘဲ၊ အထင်လွဲလျက်၊ ငရဲအပါယ်၊ အသွယ်သွယ်လျှင်၊ ဝဋ္ဋနွယ်ရှည်လျား၊ တမားမားသည်။ ။ 'ခြောက်ပါး ဝိညာဉ်စွမ်းရှည်တည်း။

---

## ဝိညာဏ ပစ္စယာ နာမရူပံ

၃။ ခြောက်ပါးဝိညာဉ်၊ စွမ်းရှည်အင်ကြောင့်၊ မီးတွင် ရှိန်ဝါ၊ ထက်ကြပ်ပါသို့၊ မကွာတူကွ၊ ဖြစ်ပေါ်ကြသား၊ ဖဿ ဝေဒနာ၊ စေတနာနှင့်၊ သညာဝိတက်၊ ရောင်စုံယှက်သည်၊ အမျက်ကြောင်ဝယ်၊ ကြိုးစုံချယ်သို့၊ အသွယ်အသွယ်၊ အနွယ် နွယ်လျှင်၊ ဆန်းကြယ်စွာလှ၊ နာမ်ကာယနှင့်၊ ဘူတဟူပေ၊ မြေ-ရေလေ-မီး၊ ခေတ်ကြီးလေးတန်၊ အမာခံလျက်၊ အရံ ရုပ် သေး၊ နှစ်ဆဲ့လေးနှင့်၊ ခပါင်းထွေးမျှညီ၊ အဋ္ဌဝီသ၊ ရုပ်ကာယဟု၊

နာမရူပ၊မမွအပြား၊ဤနှစ်ပါးလည်း၊ထင်ရှားစုံစွာ၊ ပေါ်တိုလာ၍၊နံ့ာနာကာယ၊ အနန္တလျှင်၊ရူပရုပ်ဟန်၊ သဏ္ဍာန်အမူ၊ ဇာတ်မတူဘဲ၊လူအရပ်ရပ်၊နတ်အထွေထွေ၊ ရေမျိုးကုန်းမျိုး၊ ကောင်းဆိုးယုတ်ညံ့၊ အကန့်ကန့်လျှင်၊ ခြားသန့်ပေါ်ယယ်၊ သောသောကြွယ်သည်။ ။နှစ်သွယ်နာမ်ရုပ်စွမ်းရည်တည်း။

---

## နာမရူပပစ္စယာ သဠာယတနံ

၄။ ထင်ရှားစေ့စုံ၊ အပုံပုံလျှင်၊ တည်တုံ နံ့ာမ်ရုပ်၊ ကိုယ်သမုတ်သား၊ အထုပ်အထယ်၊ ကြီးငယ်ကာယ၊ပေါ်ပြန်ကလည်း၊ ဒွါရတွင်မည်၊ ဘိုတ်ဘိတ်လည်သည်၊ အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်၊ အရိုးစီစဉ်၊ အမြင်စက္ခုကြားမှုသောတ၊ ဃာနအနံ့၊ လျက်ရန်ဇိဝှါ၊ ကာယာတွေ့ထိ၊ အသိမနော၊မရောမရှက်၊ တလက်လက်လျှင်၊ အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့၊ခြောက်မည်အာရုံ၊အလုံးစုံလည်း၊ပုံသဏ္ဍာန်ရုပ်၊နိမိတ်အသွင်၊အကုန်ထင်၍၊ဤရှင်ဤလူ၊ ဤမူနေလ၊ ရူပသဏ္ဍာန်၊အသံအမျိုး၊ အခိုးလှိုင်ပျံ့၊ယံနံ့ထိုထို၊ အချို့အချဉ်၊ ဤလျှင်အပူ၊ဤမူအအေး၊ အတွေးအထိ၊ ပြည့်စုံဘိ၍၊ ငါ၏ဤကိုယ်၊ ငါမင်းပျိုဟု၊အဆိုအထင်၊ အမြင်မှောက်မှား၊ စိတ်နေကြွားဘို့၊ တံခါးခြောက်သင်း၊ ကိုယ်လုံးလင်းသည်။ ။ ခြောက်သင်းဓာတ်မှဏ် စွမ်းရည်တည်း။

## သင္ဂဝယတန ပစ္စယာ ဖဿော

၅။ ခါတ်မှတ်အကြည်၊ခြောက်မျိုးတည်က၊ ခြောက်မည် အာရုံ၊အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံး ထင်၍၊ ဝိညာဉ်ခြောက်ဆင့်၊ ဖွားဖွားပွင့်က၊ နှိုင်းသင့်တူမျှ၊ ပမာပြမူ၊ သိကြွစက်ချိန်၊ လက်သက်ထိန်သား၊ ဝရဇိန်သွား၊ ရှပ်ရှပ်ပါးသို့၊ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍၊ ရသခြောက် မည်၊ အာရုံရည်ကို၊ ကြိတ်နည်သောအား၊ တွေ့ထိငြားက၊ ဤကားဏ္ဍ၊ အနိဋ္ဌနှင့်၊ ဤမျှမကောင်း၊ ဤမျှကောင်းဟု၊ အကြောင်းသွေးဆော်၊ အရေးပေါ်လျက်၊ ခြောက်ဘော် အာရုံ၊ ရသဂုဏ်တို့၊ အကုန်ပေါ်ထွက်၊ ရှန်းရှန်းတက်၍၊ မက်ဘွယ် မုန်းဘွယ်၊ အနှုန်းချယ်သည်။ ။ခြောက်သွယ် ဖဿ စွမ်းရည်တည်း။

---

## ဖဿပစ္စယာ ဝေဒနာ

၆။ ဖဿခြောက်မည်၊ သူ့စွမ်းရည်ကြောင့်၊ ကြိတ်နည် သောအား၊ စက်ရှိန်ဝါး၍၊ခြောက်ပါးအာရုံ၊ မြေ့မြေ့တုန် လျက်၊ ခြောက်စုံရသ၊ အနိဋ္ဌနှင့်၊ ဣဋ္ဌဟူသည်၊ အရည်ခိုးခိုး၊ ယိုထွက်စီးသော်၊ခါတ်သီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေလာ အထူး၊ ထွက်ပေါ်မြူး၍၊ ခြောက်ဦးရှန်းစည်၊ အာရုံရည်ကို၊ မည်မည်ရရ၊ ခံစံကြမှ၊ သုဘာသုဘာ၊ သာ-မသာနှင့်၊ ထွေလာ များတောင်း၊ ကောင်းမကောင်းလည်း၊ ထောင်းထောင်း

ငေါ်ငေါ်၊ သိထင်ပေါ်၍၊ ကောင်းသော်စိတ်ဝမ်း၊ ဘိတ်ဘိတ်လျှမ်းလျှင်၊ ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏၊ မုန်းဘွယ်တွေ့က၊ ခြောက်ခသွေ့နွမ်းညှိုး၊ နှလုံးဆိုး၍၊ အခိုးလှုလှု၊ ပွက်ပွက်ဆူမျှ၊ ပူပူပင်ပင်၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၏၊ ချမ်းသာသုခ၊ တခုမျှ၌၊ လောကအထု၊ အကုန်စု၏၊ ပုပ္ပုရွှရွှ၊ မြင်သမျှလည်း၊ သုခဘို့တည်း၊ လို့လသည်း၏၊ အရည်းသူမြတ်၊ ပရမတ်ကို၊ ချန်လှပ်ထား၍၊ အများလောက၊ ရှိသမျှကို၊ ဒုက္ခပွါးမှု၊ များစွာပြုသည်။ ။သုခဝေဒနာ စွမ်းရည်တည်း။

---

## ဝေဒနာ ပစ္စယာ တဏှာ

၇။ သုခဝေဒနာ၊ စွမ်းရည်ဖြာသည်၊ ရသာမြိန်ရွှန်း၊ အစိမ့်မွှန်းက၊ သွန်းသွန်းဆူကြွ၊ ထုံသုခ၌၊ ပိယဟူသား၊ အချစ်ပွါး၍၊ ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို၊ လွှယ်ကာမနွေး၊ လိုတိုင်းပေးသည်၊ သေငွေးရဘနာ၊ ပမာအလား၊ ကြင်မယားနှင့်၊ ဝတ်စားရွှေငွေ၊ လယ်မြေလုပ်ခင်း၊ ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ အဆန်းဆန်းတည့်၊ ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊ ရူပါရမ္မဏ၊ စသည်အပုံ၊ ပဉ္စာရုံနှင့်၊ ခြောက်စုံဖသာ၊ စက္ခုစသား၊ ဒွါရခြောက်မည်၊ အကြည်အလင်း၊ ကိုယ်တွင်းဓာတ်နု၊ အစုစုလျှင်၊ ဗဟုဘေဒါ၊ များပြားစွာသည်၊ ဓမ္မာရမ္မဏ၊ ကာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တများများ၊ နေ့စဉ်ပွါး၍၊ တရားအချက်၊ သဘောနက်ကို၊ အိပ်

မက်တွင်မျှ၊ မမြင်ကြဘဲ၊ ကာမထောင်တွင်း၊ ခန္ဓာကင်းသည်။ ။ခြောက်သင်းတဏှာ စွမ်းရည်တည်း။

---

## တဏှာ ပစ္စယာ ဥပါဒါနံ

၇။ တဏှာ ခြောက်မည်၊ အရင်းတည်၍၊ အရှည်များလျား၊ အစဉ်ပွါးက၊ လေးပါးအမှန်၊ ဥပါဒါန်လည်း၊ ခန္ဓာကာယ၊ အတ္တသန္တန်၊ ကာမအာရုံ၊ အလုံးစုံကို၊ အကုန်နှိုးရင်း၊ အစွဲပြင်း၏၊ အသင်းပွါးများ၊ သွားမယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်၊ တဘန်ထို့ပြင်၊ မိစ္ဆာညာဉ်ဖြင့်၊ အမြင်ယွင်းဖောက်၊ အယူမှောက်သည်၊ ခြောက်ဆဲ့နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ၊ ဇဝိထို့မှ၊ ဂေါသီလကို၊ ဝဋ်မှုထုတ်တတ်၊ စွဲထင်မှတ်သည်၊ သီလဗ္ဗတုပါဒါန်၊ ခန္ဓာငါးပါး၊ တရားအစု၊ ဇာတ်အနုကို၊ ကိုယ်ဟုစွဲကပ်၊ အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်၊ အထန်အပြင်း၊ အယူတင်း၍၊ ဝဋ်ခင်းဝဋ်နွယ်၊ ဝဋ်ပင်လယ်မှ၊ လွတ်ဘွယ်မဘော၊ တမားမားသည်။ ။လေးပါးဥပါဒါန် စွမ်းရည်တည်း။

---

## ဥပါဒါန ပစ္စယာ ဘဝေါ

၈။ စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်၊ ခန္ဓာစမ္မ၊ ကိုယ်ကာယဌ်၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရဲရဲရက်ရက်၊ ကိုယ်အတွက်ကြောင့်၊ သက်သတ်ခိုးမှု၊ စသည်ပြုလျက်၊ အကုသလ၊ ကမ္မဘယ်တန်၊

အပြစ်လျှံ၏၊ တဘန် နောက်နှောင်း၊ ငါလျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မြော်လျက်၊ သူတော်ဓလေ့၊ ရသေ့ရဟန်း၊ လူ့ဒါန်းဝေငု၊ ပဉ္စင်္ဂနှင့်၊ အဋ္ဌအင်္ဂ၊ ဒသင်္ဂ တည့်၊ လေးလီပြဟ္မ၊ ဝိဟာရဈာန်၊ ဆယ်တန်ကသိုဏ်း၊ အလျှိုဏ်းများစွာ၊ ဘာဝနာဟု၊ ဆယ်ဖြာပုည၊ ကုသလဟု၊ လို့လကြိုးစား၊ ကောင်းမှုပွါး၏၊ နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘဝ၊ ဖြစ်သမျှ၌၊ ဗိဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊ အကျိုးတရား၊ အရှည်ပွါးသည်။ ။နှစ်ပါးဘဝစွမ်းရည်တည်း။

---

## ဘဝ **ပစ္စယာ**–ဇာတိ

၁၁။ ဘဝစွမ်းရေ၊ ကံနှစ်ထွေကြောင့်၊ သဗ္ဗေသတ္တာ၊ သတ္တပါတို့၊ ဖြစ်ရာဘဝ၊ ဆုံးပြန်ကလည်း၊ ကေစတု၊ ငါးခုခန္ဓာ၊ ကံချုပ်ရာ၌၊ ဓမ္မဘာဝစစ်၊ သစ်ဘလဲလဲ၊ အနဲ့နဲ့လျှင်၊ ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍ တြိဘုံပြင်၊ နယ်တခွင်၌၊ အစဉ်ပြည့်ပွါး၊ အစားစားလျှင်၊ မားမားမတ်မတ်၊ ဇာတ်အမျိုးမျိုး၊ တန်းခိုးထင်ထင်၊ ဂုဏ်အင်နိမ့်မြင့်၊ အကျင့်ဆိုးကောင်း၊ အပေါင်းများစွာ၊ သတ္တဝါဟု၊ နာနာကာယ၊ ဖြစ်ပြန်ကြသည်။ ။လေးဝ ဇာတိ စွမ်းရည်တည်း။

## ဇာတိပစ္စယာ ဇရာမရဏံ

၁၁။ သန္ဓေဇာတိ၊ တဘန်ငြိ၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူနတ်နတ်၊ မတ်မတ်မားမား၊ဖြစ်ပြန်ငြားသော်၊သုံးပါးအရွယ်၊အလယ်အဆုံး၊ ရှိမြဲထုံးဖြင့်၊အနှုန်းစဉ်စီ၊သန္ဓေချီက၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲရော်မြဲ၊ တသဲသဲတည့်၊ မစဲနေ့ည၊တရွရွလျှင်၊ခဏသန္တတိ၊အဂ္ဂိဇရာ၊နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ညီး၍၊ အကြီးအငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနိုင်၏၊ လေးအင်ဒေသမှု၊ တခုခုလည်း၊ ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်၊ နှိုးနှယ်ရှုံးစည်း၊ တလုံးတည်းလျှင်၊ ကြီးကြီးငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က၊ ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်။ ။ ဇရာမရဏ စွမ်းရည်တည်း။

---

## သောက ပရိဒေဝ ဒုက္ခ
## ဒေါမနဿုပါယာ သမ္ဘဝန္တိ

၁၂။ သန္ဓေဇာတိ၊ ခန္ဓာရှိက၊ ဉာတိဘောဂ၊စသည် သင်းပင်း၊ ကွေကွင်းခြင်းနှင့်၊ မကင်းစသာ၊ ကြုံကြိုက်လာသော်၊ ပူဆာသောက၊ ယူတငိုကြွေး၊ သက်မှေးဝန်ထမ်း၊ ပူချမ်းဒုက္ခ၊ အနိဋ္ဌကြောင့်၊ စိတ်ကမကြည်၊ မဆည်ငင်ရှိုက်၊အလိုက်အလျှဲ၊ဆင်းရဲငါးပါး၊အကျဉ်းအားတည့်၊ ကျယ်ပွါးအနန္တ၊ တွေ့ကြုံရသည်။ ။မူလဇာတိ အနှုန်းတည်း။

## ဝေမေတသ ကေဝလသ ဒုက္ခက္ခန္ဓသ သမုဒယောဟောတိ

၁၃။ ဝဋ္ဋသံသရာ၊ ရှည်မင်းစွာ၌၊ သူငါကစ၊ ဖြစ်သမျှကား၊ သတ္တမဟုတ်၊ ဓာတ်မှန်ထုတ်ဘော်၊ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်းလော့၊ အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍၊ ဇရာမရဏ၊ အဆုံးကျသည်၊ ဓမ္မအပြား၊ ဆဲ့နှစ်ပါးကို၊ ဤကားလူပင်၊ ဤလျှင်နတ်ဘဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ္ဋနွယ်စည်၏၊ ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ဓာတ်မှန်ရသည်။ ။ဘဝဤကိုယ်ဖြစ်ထုံးတည်း။

သင်္ဂြိုဟ် အဘိဓမ္မာကို မလေ့လာ နိုင်ကြသော မိန်းမယောကျ်ား အများ ရှင်လူတို့အား ဘတ်လွယ် ရွတ်လွယ် ဆောင်ရွက်လွယ်စေခြင်းငှါ သက္ကရာဇ် ၁၂၅၇–နှစ် အတွင်း မဟာဗောဓိနှင့်တကွ ဗာရာဏသီစသော မဇ္ဈိမ တိုင်းကြီး ပြည်ကြီးများသို့ အသွားတွင် မန္တလေးမြို့မှ ရန်ကုန်မြို့ထွက် စာပို့မီးရထားပေါ်တွင် စီရင်ရေးသားသော ပဋိစ္စသမုပ္ပါဒ် အကျဉ်းချုပ် လင်္ကာ ၁၃–ပုဒ် ရန်ကုန်မြို့သို့ ဆိုက်ရောက်လျှင် လင်္ကာပြီးစီး၏။

## ဓမ္မဒါန-ကုသိုလ်ရှင်တို့အတွက်
## နှိုးဆော်ချက်

၁။ ဂနိုင် တခင်း၊ မြိုင်တွင်း ကြက်သရေ၊
ပန်းစုံရနံ့၊ သင်းပျံ့ထွေထွေ၊
ပန်းမျိုးထဲမှ၊ ထူးကဲရှာဘွေ၊
မြတ်လေးပန်း၊ ထူးဆန်း ထိပ်ခေါင်မွေ။

၂။ လုံးစုံဒါန၊ လှူသမျှတွင်၊
ဓမ္မဒါန၊ မြင့်မြတ် ကျော်ထင်၊
ဉာဏ်အချက်မို့၊ ပြိုင်ဘက် မမြင်၊
ကုသိုလ်ထူး၊ ဆည်းပူး များလှရှင်။

၃။ သုဂတိလမ်း၊ မဂ်ငြိမ်း ရှယ်ချူ၊
စာတမ်း စာအုပ်၊ ရိုက်ထုတ်ဝေလှူ၊
ဓမ္မဒါန၊ သင်းပျံ့ မွှေးကြူ၊
နတ် သိကြား၊ မြတ်ဖျား မိန့်တော်မူ။

၄။ သံသရာဝဋ်၊ ကင်းလွတ်ရန်မြော်၊
တိပိတ်ဉာဏ်စွမ်း၊ ထက်တန်း ကျသ်နော်၊
ဓမ္မဒါန်၊ ပြုကြ နှိုးဆော်၊
နတ်လူများ၊ ရှင်အား သာဓုခေါ်။